**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၁၁)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာမပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းက ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းက စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကိုတိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းက လိုက်ဆိုဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာ တိုင်ပေးတဲ့အခါမှာ ကျွန်ုပ် ဆိုပြီးတဲ့နောက် မိမိအမည်ကို ထည့်သွင်း ရွတ်ဆိုဖို့ ဖြစ်ပါတယ်။ (လိုက်ဆို)

“ကျွန်ုပ် - - - - - - - - - - - - - သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။”

အားလုံး ထိုင်နိုင်ပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၇၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၈.၁၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်း ဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ၈-၆-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှာ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်

ဆောင်ရွက်ရန်။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ပခရီးစဉ်။ ဦးအောင်ကြည်ညွန့်၊ မကွေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ခုံရုံးတက်ရောက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)၊ ၎င်းအတိုင်း၊ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ အစည်းအဝေးတက်ရောက် ရန်။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ EU စီးပွားရေးဖိုရမ် တက်ရောက် ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးစောမိုးမြင့် (ခ) ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်း အတိုင်း။ ဦးဌေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါက်တာဦးကွယ်ကွယ်၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးစိုင်းအုန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးနိုင်ကိုကို၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ အစည်းအဝေးတက်ရောက် ရန်။ ဦးသန်းစိုး (ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ် အောင်စန်းချစ်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအစည်းအဝေးတက်ရောက်ရန်။ ဗိုလ်မှူးကြီးအုန်းချို၊ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း၊ တပ်မတော်သားအမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်နှင့် ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၁)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ (၃၈)ဦးဖြစ်ပြီး၊ စုစုပေါင်းခွင့်ပန်ကြားသူ(၄၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့

ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၉)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းများအား သင်ထောက်ကူပစ္စည်းများ၊ ဆရာ၊ ဆရာမများနှင့် ထောက်ပံ့ငွေများ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယှားဖောင်အွာက ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းများအား သင်ထောက်ကူပစ္စည်းများ၊ ဆရာ၊ ဆရာမများနှင့် ထောက်ပံ့ငွေများ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စောယှားဖောင်အွာ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် အတွင်းရှိ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းများအား သင်ထောက်ကူပစ္စည်းများ၊ ဆရာ၊ ဆရာမများနှင့် ထောက်ပံ့ငွေများ ကူညီပံ့ပိုးပေးနိုင်ရန်နှင့် ပြည်ထောင်စုအစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မေးခွန်းမေးမြန်းရတဲ့ ရည်ရွယ်ချက်ကတော့ ကိုယ်ထူကိုယ်ထကျောင်းများမှ ကျောင်းသားများနှင့် ကျောင်းသားမိဘများအတွက် အထောက်အကူပစ္စည်းများ ရရှိနိုင်စေရန်၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ကျေးရွာများမှကလေးများ ပညာကောင်းမွန်စွာ သင်ကြားနိုင်ရေးနှင့် ပညာသင်ကြားချိန်တွင်

အခြားဒေသမှ ကျောင်းသားများနည်းတူ ပညာသင်ကြားခွင့် ရရှိနိုင်ရေးတို့ကို ရည်ရွယ်၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ဟုဆိုသော အခြေခံမူဆောင်ပုဒ်များနှင့်အညီ ကျောင်းသူ၊ ကျောင်းသားများ ကောင်းမွန်စွာ ပညာသင်ကြားရမှသာလျှင် ပညာရေးအခြေခံ ကောင်းမည်ဖြစ်ပါတယ်။ သင်ထောက်ကူပစ္စည်းမရှိ၊ အရပ်စေတနာ့ဝန်ထမ်းဆရာနှင့် ပညာသင်ရန်အဆောင်၊ နေရာထိုင်ခင်း မလုံမခြုံဖြစ်နေလျှင် ထိုကျောင်းသူ၊ ကျောင်းသားများ၏ အနာဂတ်သည် အခြေခံကောင်းများ ပြည့်ဝစွာ ရရှိရန် အခွင့်အလမ်း အလွန်နည်းမည်မှာ ဧကန်အမှန် ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် အခြေခံပညာစာသင်ကျောင်းများ စုစုပေါင်း(၂၄၀)ကျော်ခန့်ရှိပြီး၊ အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများအပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကျေးရွာအချို့တွင် ကိုယ်ထူကိုယ်ထ စာသင်ကျောင်းများစွာရှိပါတယ်။ ကိုယ်ထူကိုယ်ထကျောင်းများ ဖြစ်ပေါ်လာရခြင်းမှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့်သော်လည်းကောင်း၊ စာသင်ကျောင်း မြေနေရာမရှိသောကြောင့်သော်လည်းကောင်း၊ ယခင်နယ်မြေ မတည်ငြိမ်မှုများကြောင့် သော်လည်းကောင်း၊ တစ်နေရာနှင့်တစ်နေရာသွားလာရန် ခက်ခဲသောကြောင့်လည်းကောင်း၊ အခြေခံပညာသင် စံသတ်မှတ်ချက်များကြောင့်လည်းကောင်း ဖြစ်ပါတယ်။

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ကိုယ်ထူကိုယ်ထ စာသင်ကျောင်းပေါင်း (၆၆)ကျောင်းကျော် ရှိပါတယ်။ ထို့အတူ ကရင်ပြည်နယ်အတွင်းနှင့် နိုင်ငံ့အဝန်းတွင် ကိုယ်ထူကိုယ်ထကျောင်းပေါင်း မြောက်မြားစွာရှိပါတယ်။ ကိုယ်ထူကိုယ်ထကျောင်းများသည် အဆောက်အအုံ ကိုယ်တိုင်တည်ဆောက်ရခြင်း၊ ဆရာ၊ ဆရာမအဖြစ် နီးစပ်ရာ စေတနာ့ဝန်ထမ်းများ နှစ်စဉ်ငှားရမ်းရခြင်းကြောင့် ရွာသူ၊ ရွာသားများမှာ ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်စေပါတယ်။ သို့သော်လည်း ကျေးရွာအတွင်းရှိ ကျောင်းနေအရွယ်ကလေးများ ပညာရေးအတွက် မျှော်တွေးပြီး ကြိုးစားရုန်းကန်ကြရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆရာ၊ ဆရာမများမှာလည်း စေတနာ့ဝန်ထမ်းများဖြစ်သောကြောင့် တတ်နိုင်သမျှ သင်ကြားနေရပါတယ်။ ဆရာ၊ ဆရာမများအတွက်လည်း မွမ်းမံသင်တန်းများ ပြုလုပ်ပေးစေလိုပါတယ်။ တချို့ကျောင်းများတွင် အရည်အသွေးပြည့်ဝသော ဆရာ၊ ဆရာမများ လိုအပ်လာပါတယ်။ ဆရာ၊ ဆရာမများအတွက်နဲ့ အခြားပညာသင်စရိတ်များ၊ ခရီးစရိတ်များအတွက် ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူများသာ နှစ်စဉ်ကုန်ကျနေရတာလည်း ဖြစ်ပါတယ်။ တချို့ကျောင်းများတွင်တော့ ဘာသာရေး ဘုန်းတော်ကြီးများ ပံ့ပိုးကူညီမှုဖြင့် သင်ကြားနေရတာလည်း ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် အတွင်းရှိ ကိုယ်ထူကိုယ်ထ ကျောင်းများအား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

ထိုကဲ့သို့ ကိုယ်ထူကိုယ်ထကျောင်းများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကူညီပံ့ပိုးပေးပါက ဒေသခံ ရွာသူ၊ ရွာသားများအတွက် တာဝန်များ သက်သာမည် ဖြစ်ပါတယ်။ ကျောင်းနေအရွယ်ကလေးများလည်း ပညာရေးကောင်းမွန်စွာ သင်ကြားရမှာလည်း ဖြစ်ပါတယ်။ သို့ပါသောကြောင့်

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းများအား သင်ထောက်ကူပစ္စည်းများ၊ ဆရာ၊ ဆရာမများနှင့် ထောက်ပံ့ငွေများ ကူညီပံ့ပိုးပေးနိုင်ရန်နှင့် ပြည်ထောင်စုအစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူလူထုများရဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပညာရပ်များ စဉ်ဆက်မပြတ် သင်ယူလေ့လာလိုသည့် သင်ယူသူတိုင်းအားလုံးနှင့် အကျုံးဝင်သော ပေါင်းကူးပညာရေးစနစ်အား အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ပညာရေးဥပဒေတွင် ထည့်သွင်းရေးဆွဲထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအောင်ကျော်စိုးက ပညာရပ်များ စဉ်ဆက်မပြတ် သင်ယူလေ့လာလိုသည့် သင်ယူသူတိုင်းအားလုံးနှင့် အကျုံးဝင်သော ပေါင်းကူးပညာရေးစနစ်အား အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ပညာရေးဥပဒေတွင် ထည့်သွင်းရေးဆွဲထားခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးအောင်ကျော်စိုး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် နှစ်ပေါင်း(၆၀)ကျော် ပြည်တွင်းစစ်မီးမငြိမ်းခဲ့သည့်အလျောက် နိုင်ငံတော် အစိုးရ၏ လက်လှမ်းမမီသည့် နယ်စပ်ဒေသများတွင် မည်သည့်အဖွဲ့အစည်း၏ အထောက်အပံ့ကိုမှမယူသည့် အစိုးရအသိအမှတ်ပြု ကိုယ်ထူကိုယ်ထကျောင်းများ၊ အစိုးရကျောင်းအဖြစ်ဆက်လက်တည်ရှိသော်လည်း အစိုးရထံမှ မည်သည့်အထောက်အပံ့မျှ အကူအညီမရရှိဘဲ ရပ်ရွာလူထုကိုယ်တိုင် ဦးဆောင်ဖွင့်လှစ်ခဲ့သည့် ကျောင်းများ၊ အစိုးရ အသိအမှတ်ပြုထားခြင်းမရှိသည့် လူထုအခြေပြု ကိုယ်ထူကိုယ်ထကျောင်းများ များစွာရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသင်ပညာရေးတွင် တက်ရောက်သင်ကြားနိုင်ခြင်း မရှိသည့် ကလေးများအတွက် အိမ်သင်ပညာရေး ပုံစံများလည်း များစွာရှိပါတယ်။ အစိုးရအသိအမှတ်ပြု ကိုယ်ထူကိုယ်ထကျောင်းများမှ အစိုးရစာသင်ကျောင်းသို့ ကူးပြောင်းသင်ယူသည့် အနေအထားတွင် အဆင်ပြေသော်ငြားလည်း အစိုးရအသိအမှတ်မပြုသည့် လူထုအခြေပြု ကိုယ်ထူကိုယ်ထကျောင်းများမှ အစိုးရစာသင်ကျောင်းတစ်ခုတွင် ကူးပြောင်းသင်ယူရာ၌ နိုင်ငံတော် အစိုးရ၏ ညွှန်ကြားချက်များမှအပ ဥပဒေအရ တိကျသေချာစွာ ပေးအပ်ထားသော ကူးပြောင်းသင်ယူနိုင်သည့် အခွင့်အလမ်းများ မရှိသေးသည်ကို သတိချပ်မိပါတယ်။ ဥပမာအားဖြင့် ထိုင်း-မြန်မာနယ်စပ်မှာရှိတဲ့ ဒုက္ခသည် စခန်း(၉)ခုတွင်ရှိသော ကျောင်းများသည် အများအားဖြင့် မူကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အထက်တန်းလွန် အဆင့်မြင့်ပညာများ စနစ်တကျရှိသော်လည်း ထိုင်းနိုင်ငံ

အစိုးရမှ အသိအမှတ်ပြုထားခြင်း မရှိသလို မြန်မာနိုင်ငံ အစိုးရကလည်း အသိအမှတ်ပြုထားခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါတယ်။ ထိုဒုက္ခသည်စခန်း(၉)ခုတွင် ကျောင်းသား၊ ကျောင်းသူပေါင်း (၂၅၈၂၃)ဦး၊ ကျောင်း ဆရာ၊ ဆရာမပေါင်း(၁၂၃၇)ဦး ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုက္ခသည်စခန်း(၉)ခုထဲမှ ထိုင်း-ကယားနယ်စပ်ရှိ ဒုက္ခသည်စခန်းများမှ မူကြိုမှအထက်တန်းလွန်ရှိ ကျောင်းသား၊ ကျောင်းသူ(ကျား၊မ) စုစုပေါင်း(၄၁၂၈)ဦးရှိပြီး၊ ကယားပြည်နယ်အတွင်းတွင် အစိုးရမှ အသိအမှတ်ပြုထားခြင်း မရှိသည့် IDPS လို့ခေါ်တဲ့ ဌာနေလက်လွှတ် နေရပ်စွန့်ခွာ ရွှေ့ပြောင်းသွားလာနေသူများ၏ ကျောင်းလည်း(၃၂)ကျောင်းရှိပါတယ်။ ၎င်းကျောင်းသားများ၊ ကျောင်းသူများအနေဖြင့် လက်ရှိအစိုးရအသိအမှတ်ပြုထားသည့် ကျောင်းများတွင်လည်းကောင်း၊ အစိုးရစာသင်ကျောင်းများတွင် လည်းကောင်း၊ ကျောင်းတက်ရောက်ခွင့် မရှိသည့် အနေအထားများ ရှိနေသည်ကို လေ့လာသိရှိရပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ) မှာ ဖော်ပြထားတာကတော့ ကျောင်းနေအရွယ် ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့် ရရှိစေရေးအတွက် မသန်စွမ်းသူနိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူခွင့်ရရှိစေရန် အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှု အစီအစဉ် ထားရှိရေး၊ ပုဒ်မခွဲ(ဃ)မှာ နိုင်ငံသားတိုင်း ပညာသင်ယူခွင့်ရရှိပြီး ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး၊ ပုဒ်မခွဲ(ဇ)မှာ သင်ယူလိုသူတို့၏ ဆန္ဒကိုအခြေခံပြီး သက်ဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များ၏ သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ကျင့်သုံးရေးဆိုပြီး ပြဋ္ဌာန်းထားတာရှိပါတယ်။ အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများအား ပြည့်မီစေရန်အတွက် အစိုးရအသိအမှတ်ပြု ထားခြင်းမရှိသည့် လူထုအခြေပြု ကိုယ်ထူကိုယ်ထကျောင်းများ၊ အိမ်သင်ပညာရေး၊ ကျောင်းပြင်ပ ပညာရေးမှ ကျောင်းနေအရွယ်ကလေးတိုင်းသာမက နိုင်ငံတကာမှ မြန်မာနိုင်ငံရှိ ကျောင်းများတွင် လာရောက်ကူးပြောင်း တက်ရောက်သင်ကြားနိုင်ရေးအတွက် ရည်ရွယ်သည့် ပေါင်းကူးပညာရေး သို့မဟုတ် ဆက်စပ်ပညာရေးနှင့်ဆိုင်သော ဥပဒေတစ်ခုရှိသင့်ကြောင်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါင်းကူးပညာရေး ဆိုသည်မှာ ကျောင်းတစ်ကျောင်းမှ အခြားကျောင်းတစ်ကျောင်းသို့ ကူးပြောင်းရာတွင်လည်းကောင်း၊ ပညာရေးစနစ်တစ်ခုမှ အခြားပညာရေးစနစ်တစ်ခုသို့ ကူးပြောင်းရာတွင်လည်းကောင်း၊ သတ်မှတ်ထားသော ပညာရည်အဆင့်တစ်ဆင့်မှ အခြားအဆင့်သို့လည်းကောင်း ကူးပြောင်းခြင်းကို ဆိုလိုပါတယ်။ ထိုသို့ ကူးပြောင်းရာမှာလည်း အရည်အချင်းစစ်ကျောင်းဝင်ခွင့်ဆိုင်ရာ ဘာသာရပ်မေးခွန်းများ ဖြေဆိုပြီးမှသာ ကျောင်းဝင်ရောက်ခွင့် ပြုရမှာဖြစ်သလို ကျောင်းဝင်ခွင့်ဆိုင်ရာ ဘာသာရပ်စံနှုန်းများလည်း သတ်မှတ်ထားသင့်ပါတယ်။ အရည်အချင်းသတ်မှတ်မှုအရ အရည်အချင်း သတ်မှတ်ချက်များ ထိရောက်ဖြေဆို အောင်မြင်ခဲ့လျှင် အသိအမှတ်ပြုမှုသည် အလွန်ပင် အရေးကြီးလှပါသည်။ မြန်မာနိုင်ငံအတွင်း ပညာရေးစံနှုန်းများအရ ရင်ထိုးသတ်မှတ်မှု၌ အရည်အချင်းပြည့်မီသူများအား ပေါင်းစပ်မှု ပြုနိုင်ရမည်ဟု ထင်မြင်မိပါတယ်။

ယနေ့ခေတ်ဟာ လူ့ဘောင်အဖွဲ့အစည်းကို စိန်ခေါ်နေတဲ့ပညာခေတ် ဖြစ်တာကြောင့် အထက်မှာ ကျွန်တော် တင်ပြထားသော ကျောင်းများမှ ပညာသင်ယူခဲ့သော လူ့စွမ်းအားအရင်းအမြစ်များကို ဖော်ဆောင်ရမှာ ဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်ရေးသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် အလွန်ပင် အရေးကြီးလှပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတာကတော့ (၁) စဉ်ဆက်မပြတ် သင်ယူလေ့လာလိုသည့် သင်ယူသူတို့၏ဆန္ဒအလျောက် ပေါင်းကူးသင်ယူခွင့်ရရှိနိုင်ရန်၊ (၂) ကျောင်းတစ်ကျောင်းမှ အခြားကျောင်းတစ်ကျောင်းသို့ဖြစ်စေ၊ ပညာရေးစနစ်တစ်ခုမှ အခြားပညာရေးစနစ်တစ်ခုသို့ဖြစ်စေ၊ သတ်မှတ်ထားသော ပညာရည်အဆင့်တစ်ဆင့်မှ အခြားအဆင့်သို့ ဖြစ်စေ --------

**ချင်းပြည်နယ်၊ မတူပီမြို့တွင် နည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ချင်းပြည်နယ်၊ မတူပီမြို့တွင် နည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ကြပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ ကြယ်ပွင့်ပြမေးမယ့် မေးခွန်းကတော့ ချင်းပြည်နယ်၊ မတူပီမြို့မှာ နည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးဦးစီးဌာနလက်အောက်ရှိ နည်းပညာအထက်တန်းကျောင်း စုစုပေါင်း(၃၃)ကျောင်းရှိတယ်လို့ သိရှိရပါတယ်။ ချင်းပြည်နယ်တွင် မင်းတပ်မြို့နဲ့ တီးတိန်မြို့တို့တွင် ရှိပါတယ်။ သို့သော်လည်း ဒီ မင်းတပ်နဲ့ တီးတိန်မြို့များသို့ မတူပီမြို့နယ်မှ ကျောင်းသားများ ကျောင်းသွားရောက်တက်နိုင်ဖို့ အတွက် ခရီးအကွာအဝေးဟာ အင်မတန်မှ ကွာဝေးပါတယ်။ မင်းတပ်မြို့သို့ ဆိုလို့ရှိရင် (၁၀၂)မိုင် ဝေးပါတယ်။ တီးတိန်မြို့သို့ ကျောင်းသွားတက်မယ်ဆိုလို့ရှိရင် မိုင်(၂၇၀)ခန့် ကွာဝေးပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောတောင်ပေါ်ဒေသဖြစ်၍ မတူပီရှိ အထက်တန်းကျောင်းသားများ

အနေဖြင့် မင်းတပ်၊ တီးတိန်မြို့များသို့ နည်းပညာအထက်တန်းကျောင်းသွားတက်ရန် အင်မတန်မှ ခက်ခဲနေပါတယ်။ ချင်းပြည်နယ်တွင် စက်ရုံ၊ အလုပ်ရုံ မရှိသေးသောကြောင့် နည်းပညာအထက်တန်း ကျောင်း မလိုအပ်သေးပါဘူးဟူ၍ ထင်မြင်စရာဖြစ်သော်လည်း နည်းပညာအထက်တန်းကျောင်းများ ဖွင့်ပေးခြင်းအားဖြင့် ဝေးလံခေါင်သီသောဒေသရှိ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးခြင်း နည်းလမ်းတစ်မျိုး ဖြစ်ပါတယ်။

သို့မှသာ နည်းပညာအထက်တန်းကျောင်းဆင်းသော လူငယ်များသည် မိမိကိုယ်တိုင် အသက်မွေးဝမ်းကျောင်းသော်လည်းကောင်း၊ အိမ်တွင်းစက်မှုလက်မှုသော်လည်းကောင်း၊ ရန်ကုန်၊ မန္တလေးကဲ့သို့မြို့ကြီးများရှိ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်အကိုင် ရရှိနိုင်မှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်သော မတူပီမြို့နယ်မှ လူငယ်(၁၀၀၀၀)ကျော်ခန့်ဟာ ဆိုလို့ရှိရင် သူများနိုင်ငံမှာ ဥပမာ အမေရိကန်နိုင်ငံ၊ ဩစတြေးလျ၊ မလေးရှား စသဖြင့် အဲဒီနိုင်ငံတွေမှာ 3D အလုပ်ကို သွားလုပ်ရ ပါတယ်။ 3D အလုပ်က Difficult, Dirty, Dangerous အဲဒီလိုမျိုးအလုပ်ကို သွားလုပ်ရတာ ဖြစ်ပါတယ်။ ပညာရှင်အနေနဲ့ အလုပ်ကို သွားလုပ်ရတာမဟုတ်ပါဘူး။

အဲဒါကြောင့် ကျွန်တော်တို့ နည်းပညာ အထက်တန်းကျောင်းဖွင့်ပေးနိုင်ရင်တော့ တစ်နည်း တစ်လမ်းကူညီရာရောက်ပါတယ်လို့ ကျွန်တော် တင်ပြချင်ပါတယ်။ ဒါနဲ့ ချင်းပြည်နယ်သည် ကျွမ်းကျင် သော ဆရာ၊ ဆရာမများ ရှားပါးပြီးတော့ စာသင်ကြားမှု အားနည်းနေသောကြောင့် နှစ်စဉ် တက္ကသိုလ် ဝင်တန်းအောင်ချက် ရာခိုင်နှုန်း အနိမ့်ဆုံးဆုကိုလည်း နှစ်တိုင်းဆွတ်ခူးတဲ့ပြည်နယ် ဖြစ်ပါတယ်။

သို့ပါသောကြောင့် ဝေးလံခေါင်သီသောဒေသရှိ ကျောင်းသားလူငယ်များ အလုပ်အကိုင် ရရှိနိုင်ရေးအတွက် မတူပီမြို့နယ်တွင် အထက်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးနိုင်ရန် တင်ပြချင် တာဖြစ်ပါတယ်။ မတူပီမြို့နယ်ဟာ ဆိုလို့ရှိရင် ဧရိယာစတုရန်းမိုင်(၂၃၁၆.၈)မိုင် ကျယ်ဝန်းပြီးတော့မှ လူဦးရေ(၆၀၀၀၀)ကျော် မှီတင်းနေထိုင်သောပြည်နယ်ဖြစ်ပါတယ်။ အခြေခံပညာကျောင်းများအနေနဲ့ အ.ထ.က ကျောင်း(၇)ကျောင်း၊ အ.ထ.က(ခွဲ)(၆)ကျောင်း၊ အ.လ.က ကျောင်း(၇)ကျောင်း၊ အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ) (၂၆)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၃၁)ကျောင်းနဲ့ အခြေခံပညာမူလတန်းကျောင်း (၇၇)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၁၁)ကျောင်း စုစုပေါင်း (၁၆၅)ကျောင်းရှိပါတယ်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာသင်ကြားနေသော စုစုပေါင်းကျောင်းသားဦးရေဟာဆိုလို့ရှိရင် (၁၃၈၂၇)ဦးရှိပါတယ်။

သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၂(ဂ) နဲ့ ပုဒ်မ ၂၈(ဃ)တို့နှင့်အညီ မတူပီမြို့တွင် နည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်ပြီးတော့မှ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။**　　။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၃။**

**ဒေါက်တာမျိုးသိမ်းကြီး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော် ဒေါက်တာမျိုးသိမ်းကြီး က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် ကရင်ပြည်နယ် အမှတ်(၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောယှားဖောင်အွာ ရဲ့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် အတွင်းရှိ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းများအား သင်ထောက်ကူပစ္စည်းများ၊ ဆရာ၊ ဆရာမများနှင့် ထောက်ပံ့ငွေများ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိ ကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီမှုအရ အဆင့်တိုးမြှင့်ပေးခဲ့သော အခြေခံပညာကျောင်း(၄၁၂)ကျောင်းနှင့် သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီမှုမရှိသော်လည်း ပင်မကျောင်းနှင့် သတ်မှတ်ခရီးအကွာအဝေးထက် ပိုမိုကွာဝေးသဖြင့် သင်ယူမှုအခွင့်အလမ်း ရရှိစေရန် ရည်ရွယ်၍ အဆင့်တိုးမြှင့်ပေးခဲ့သော အခြေခံပညာကျောင်း(၄၆၈၇)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း (၅၀၉၉)ကျောင်းကို သက်ဆိုင်ရာကျောင်းအဆင့် အသီးသီးသို့ အဆင့်တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ အဆင့် တိုးမြှင့်ပေးမှုတွင် ကြာအင်းဆိပ်ကြီးမြို့နယ်မှ အခြေခံပညာ မူလတန်းကျောင်း (ခွဲ)(၆)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၁၄)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၆)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၉)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၅)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(၁)ကျောင်း၊ စုစုပေါင်းအခြေခံပညာကျောင်း(၄၁) ကျောင်း ပါဝင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ထို့ကြောင့် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် လက်ရှိအခြေအနေ၌ အခြေခံပညာမူလတန်းကျောင်း(ခွဲ) စုစုပေါင်း(၃၁)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၁၃၀)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၃၅)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (၂၇)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (၅)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၉)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (၉)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၂၄၆)ကျောင်းအထိ တိုးမြှင့် ရှိလာပြီဖြစ်ပါတယ်။

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ယခင်က ကိုယ်ထူကိုယ်ထကျောင်းပေါင်း (၆၆)ကျောင်းရှိပြီး ၎င်းတို့အနက်မှ ကိုရောင် အခြေခံပညာမူလတန်းကျောင်းနှင့် သမင်လစ် အခြေခံပညာမူလတန်းကျောင်းများကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်လည်းကောင်း၊ ဇီးပင် အခြေခံပညာမူလတန်းကျောင်းကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင်လည်းကောင်း၊ ဆင်ပြေး အခြေခံပညာမူလတန်းကျောင်း(ခွဲ)ကို

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင်လည်းကောင်း၊ ထီးဖာထော အခြေခံပညာ မူလတန်းကျောင်း(ခွဲ)၊ ရကုလား အခြေခံပညာမူလတန်းကျောင်း(ခွဲ)နှင့် ကျောက်ဂူ အခြေခံပညာမူလတန်းကျောင်း(ခွဲ)များကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင်လည်းကောင်း အဆင့် တိုးမြှင့်ပေးထားခဲ့ပြီးဖြစ်သလို ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင်လည်း ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းများဖြစ်သော ခုံခံ၊ သဘာဝ၊ ခလယ်စော အနောက်ကမ်း၊ မြိုင်သာယာ၊ အပလုံ နှင့် ကွီဖာဒိုး ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း စုစုပေါင်းကျောင်း(၆)ကျောင်းတို့ကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင် အခြေခံပညာမူလတန်းကျောင်း(ခွဲ)များအဖြစ် ထပ်မံ အဆင့် တိုးမြှင့်ပေးပြီး ဖြစ်ပါတယ်။

ထို့ကြောင့် ကျန်ရှိနေသေးတဲ့ ကျောင်းတွေအနေနဲ့ လျှောက်ထားလာမယ် ဆိုလို့ရှိရင် နောက် ပညာသင်နှစ်တွေမှာ ထပ်မံပြီးတော့မှ ကျောင်းအဆင့် တိုးမြှင့်ပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှ ကရင်ပြည်နယ်သို့ ခွဲဝေပေးမည့် သင်ထောက်ကူပစ္စည်းများအား ကရင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ အချိုးကျ ခွဲဝေပေးပြီး၍ ပိုလျှံပါက ပြည်နယ်ပညာရေးမှူးရုံး အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ပြည်နယ်အတွင်းမှာရှိတဲ့ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းများသို့ အချိုးကျ ဆက်လက် ထောက်ပံ့ပေးသွားလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်ထူကိုယ်ထ စာသင်ကျောင်းများတွင် သင်ကြားနေသော ဆရာ၊ ဆရာမများကို ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းအရ ငွေကြေးထောက်ပံ့ပေး၍ မရနိုင်သော်လည်း အခြေခံပညာမူလတန်းကျောင်း(ခွဲ)များအဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ရရှိရေးနှင့် နောင်နှစ်များတွင် အထောက်အပံ့များ ရရှိနိုင်ရေးတို့အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကရင်ပြည်နယ် အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများနှင့်အတူ အလေးအနက်ထား၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ)များအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိပြီးမှသာ ခွင့်ပြုရန်ပုံငွေကို ဘဏ္ဍာရေးနှစ်အလိုက် အဆိုပြု၍ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ သင်ကြားရေး ဆရာ၊ ဆရာမများနှင့် လိုအပ်သော အထောက်အပံ့များကို အလေးအနက်ထား မျှတစွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်၍ ကယားပြည်နယ် အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး ရဲ့ ပညာရပ်များ စဉ်ဆက်မပြတ် သင်ယူလေ့လာလိုသည့် သင်ယူလိုသူတိုင်းအားလုံးနှင့် အကျုံးဝင်သော ပေါင်းကူးပညာရေးစနစ်အား အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ပညာရေးဥပဒေတွင် ထည့်သွင်း ရေးဆွဲထားခြင်း ရှိ/မရှိကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာက လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals - SDGs) (၁၇)ခုအနက် ပညာရေးနှင့်သက်ဆိုင်သည့် ပန်းတိုင်(၄) (SDG-4) အရ ပညာရေးကဏ္ဍ (၂၀၃၀)အစီအစဉ် (Education Agenda 2030)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ရည်မှန်းချက်ပန်းတိုင်(၄)အရ အားလုံး

အကျုံးဝင်၍ မျှတသော အရည်အသွေးပြည့်ဝသည့် ပညာရေးနှင့် အားလုံးအတွက် ဘဝတွက်တာ သင်ယူမှုဆီသို့ (Ensure inclusive and equitable quality education and promote lifelong learning opportunities for all) ဟု ဖော်ပြထားရာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ မေးမြန်းချက်နှင့် ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရည်မှန်းချက်နှင့် သဟဇာတ မျှတမှုရှိနေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံသားတိုင်း ပညာသင်ယူရန် အခွင့်အရေး အပြည့်အဝ ရရှိစေရေးအတွက် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၅ ခုနှစ်)၏ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)တွင် အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန် ဆက်သွယ်ကူးပြောင်း သင်ကြား နိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ယင်းဥပဒေ၏ ပုဒ်မ ၂၉(ခ)တွင် ပညာသင်ယူမှု မပြီးဆုံးမီ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူမှု ရပ်တန့်ခဲ့ရ သော ကျောင်းသား၊ ကျောင်းသူများအတွက် သင့်လျော်သော ပညာသင်ယူခွင့်တစ်ခုခု ပြန်လည်ရရှိ စေရန် လိုအပ်သောအစီအမံများ သတ်မှတ်ထားရှိခြင်းဟုလည်းကောင်း၊ အမျိုးသားပညာရေးဥပဒေ (၂၀၁၄ ခုနှစ်)၏ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(ခ)တွင် အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာရေးအဆင့်ကို ဆုံးခန်းတိုင် မသင်ကြားခဲ့ရသူများအား ထိုပညာရေးအဆင့် ပြီးမြောက်စေရန်နှင့် ကျောင်းပြင်ပမှ ပညာ သင်ကြားလိုသူများ ဆက်လက်သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ယင်းဥပဒေ၏ ပုဒ်မ ၃၂၊ ပုဒ်ခခွဲ(ဂ)တွင် ကျောင်းပြင်ပပညာရေးမှ ကျောင်းပညာရေး သို့မဟုတ် နည်းပညာနှင့် သက်မွေးပညာရေးသို့ ကူးပြောင်းနိုင်သည့် တန်းညှိပညာရေး အစီအစဉ်ကို ဆောင်ရွက်ရမည်ဟု လည်းကောင်း ပြဋ္ဌာန်းထားပြီးဖြစ်သည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနအနေဖြင့် ကျောင်း ပြင်ပ မူလတန်းပညာရေး၊ ကျောင်းပြင်ပ အလယ်တန်းပညာရေး လုပ်ငန်းများကို တိုးချဲ့ အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ စာသင်ဝိုင်း များမှ ပြီးမြောက်သည့်ကလေးများကို တန်းညှိ အစီအစဉ် (Equivalency Programme) အရ အခြေခံပညာကျောင်းများသို့ တက်ရောက်သင်ယူခွင့် ပြုပေးလျက်ရှိပါတယ်။ ထို့အပြင် ပညာရေး ဝန်ကြီးဌာနက အသိအမှတ်ပြုခြင်းမခံရသည့် ကျောင်းများတွင် တက်ရောက်ခဲ့သည့်ကလေးများ၊ နိုင်ငံ တကာပညာရေးစနစ်အရ သင်ယူနေသောကျောင်းများတွင် တက်ရောက်နေသောကလေးများ၊ နိုင်ငံ ရပ်ခြားကျောင်းများတွင် တက်ရောက်ခဲ့သူများကိုလည်း အရည်အချင်းစစ်စာမေးပွဲ (Placement Test) စစ်ဆေးခြင်းများဖြင့် သင့်တော်သည့် အတန်းများတွင် လက်ခံသင်ကြားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် အခြေခံပညာဦးစီးဌာနအနေဖြင့် စစ်ဘေးရှောင်ကလေးများ၊ ကိုယ်ထူကိုယ်ထ ကျောင်းများမှလာသော ကလေးများကို မိမိတို့တက်ခဲ့သည့်ကျောင်းမှ ကျောင်းအုပ်၏ ထောက်ခံစာနှင့် အတူ အခြေခံပညာကျောင်းများတွင် အပ်နှံလာပါက သက်ဆိုင်ရာအတန်းတွင် ယာယီသင်ကြားခွင့် (၁) လဖြင့် စတင်ခွင့်ပြုပေးလျက်ရှိပါတယ်။ ယာယီသင်ကြားမှု (၁)လ သင်ယူပြီးနောက် အရည်အချင်း

စစ်စာမေးပွဲ(Placement Test) စစ်ဆေးပြီး အတန်းသတ်မှတ်ပေးခြင်းကို စီစဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် ကျောင်းပြင်ပ ပညာရေးစနစ်၏ တန်းညှိအစီအစဉ် (Equivalency Programme) ဖြင့် သင်ကြားပြီး အောင်မြင်လာသောကလေးများအား အခြေခံပညာကျောင်းများသို့ ကူးပြောင်း၍ ပညာသင်ကြားလိုပါက လက်ခံ စီစဉ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အတူ နည်းပညာ၊ သက်မွေး ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့်လည်း ၎င်းတို့အောက်မှာရှိတဲ့ အစိုးရ စက်မှုလက်မှု သိပ္ပံများ တွင် ဖွင့်လှစ်သင်ကြားနေသည့် ပုံမှန် A.G.T.I ဒီပလိုမာ(၃)နှစ် သင်တန်းများသို့ တက်ရောက် ပြီးစီးသည့် သင်တန်းသားများကို အရည်အချင်းပြည့်မီပါက ၎င်းတို့၏ အထူးပြုအင်ဂျင်နီယာဘာသာ ရပ်များအလိုက် နည်းပညာတက္ကသိုလ်များရဲ့ ဝင်ခွင့် ရွေးချယ်ရေးမူများအတိုင်း နည်းပညာဘွဲ့သင်တန်း များသို့ ပေါင်းကူးသင်ယူခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အစိုးရ စက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် တက်ရောက် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းတစ်ကျောင်းမှ အခြားကျောင်း တစ်ကျောင်းသို့ ပြောင်းရွှေ့ပြီး ပညာသင်ကြားလိုပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ သဘောတူ ထောက်ခံချက်များ ရယူကာ သက်ဆိုင်ရာ ကျောင်းများ၏ ကျောင်းသားလက်ခံနိုင်သောပမာဏ (Capacity) ပေါ်မူတည်၍ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့်လည်း နည်းပညာသိပ္ပံများ၊ ကွန်ပျူတာသိပ္ပံများ နောက်ဆုံးနှစ် အောင်မြင်သူများအား အဝေးသင်တက္ကသိုလ်များတွင် အထူးပြု လျှောက်ထားလာပါက ပထမနှစ်၊ သိပ္ပံအထူးပြု လျှောက်ထားလာပါက ဒုတိယနှစ်သင်တန်းများသို့ ဆက်လက်တက်ရောက် ခွင့်ပြုလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ ထူးချွန်စွာ အောင်မြင်ပြီး နည်းပညာတက္ကသိုလ် အသီးသီးသို့ တက်ရောက် ပညာသင်ကြားနေစဉ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ထိုတက္ကသိုလ်များတွင် ဆက်လက် မတက်ရောက်နိုင်တော့ဘဲ အဝေးသင် တက္ကသိုလ်များသို့ ကူးပြောင်းတက်ရောက် ပညာသင်ယူလိုပါကလည်း ၎င်းတို့တက်ရောက် ပညာ သင်ကြားခဲ့ကြသည့် နည်းပညာတက္ကသိုလ်များမှ ကျောင်းပြောင်းရွှေ့ရန် သင်တန်းဆိုင်ရာထောက်ခံချက် သို့မဟုတ် နုတ်ထွက်စာ တောင်းခံ၍ တက်ရောက်ခွင့် ရရှိနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ထိုသို့ တက်ရောက်ရာတွင် အဝေးသင်တက္ကသိုလ်များ၌ အခြေခံပညာအထက်တန်းအဆင့် ဘာသာတွဲ(၁)၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒဖြင့်အောင်မြင်သူများ လျှောက်ထားနိုင်သော အထူးပြုဘာသာရပ်များကို ဆက်လက်သင်ယူနိုင်ရန်အတွက် သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်များ၏ တက္ကသိုလ်ပညာရေးအဖွဲ့များ၏ ဆုံးဖြတ်ချက်ဖြင့် လက်ခံဆောင်ရွက် ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများမှ တတိယနှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား နည်းပညာတက္ကသိုလ်များ၏ တတိယနှစ်

သင်တန်းများသို့ လည်းကောင်း၊ ရိုးရိုးအောင်မြင်သူများအား အဝေးသင်တက္ကသိုလ်များတွင် ဝိဇ္ဇာအထူးပြုလျှောက်ထားလာပါက ပထမနှစ်၊ သိပ္ပံအထူးပြုလျှောက်ထားလာပါက ဒုတိယနှစ် သင်တန်းသို့လည်းကောင်း ပြောင်းရွှေ့တက်ရောက် သင်ယူခွင့်ပြုလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ထို့အတူ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များမှ အကြောင်းအမျိုးမျိုးကြောင့် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ်သင် နေ့သင်တန်းများသို့ ပြောင်းရွှေ့တက်ရောက်ခွင့် လျှောက်ထားလာလျှင်လည်း ဝိဇ္ဇာအထူးပြုဘာသာ၊ သိပ္ပံအထူးပြုဘာသာများကို တက်ရောက် ပညာသင်ယူခွင့်ပြုလျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ ထို့အပြင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်မှ အောင်မြင်သူများသည် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုခဲ့ခြင်းမရှိသော်လည်း တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သည်ဟု သတ်မှတ်ထားပါသဖြင့် ၎င်းတို့အား လုပ်ငန်းခွင်အတွင်း ပညာဆက်လက်သင်ယူနိုင်ရန်အတွက် အဝေးသင်တက္ကသိုလ်သို့ တက်ရောက် ပညာသင်ယူခွင့်ပြုလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍတွင် တစ်သက်တာသင်ယူရေး (Lifelong Education)၊ လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education)၊ အခြေခံပညာရေး၊ နည်းပညာနှင့် အသက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ အဆင့်မြင့်ပညာရေး စသည့် ကဏ္ဍစုံမှာရှိတဲ့ ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာသင်ယူလိုသည့် နိုင်ငံသားတိုင်း၊ လူသားတိုင်း အားလုံးကို ပညာသင်ယူမှု အခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် အမျိုးသားပညာရေး ဥပဒေများနှင့်အညီ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ဖြင့် စနစ်တကျ ဦးတည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်၍ ချင်းပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ရဲ့ ချင်းပြည်နယ်၊ မတူပီမြို့တွင် နည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေး ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနသည် ချင်းပြည်နယ်အတွင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ၊ ဟားခါး၌ A.G.T.I ဒီပလိုမာ(၃)နှစ်သင်တန်းများနှင့် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော ကာလတိုသက်မွေးပညာသင်တန်းများကိုလည်းကောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်း (တီးတိန်)နှင့် အစိုးရ နည်းပညာအထက်တန်းကျောင်း(မင်းတပ်) တို့တွင် G.T.H.S (၂)နှစ်သင်တန်းများနှင့် ဒေသလိုအပ်ချက် နှင့် ကိုက်ညီသော ကာလတို သက်မွေးပညာသင်တန်းများကိုလည်းကောင်း အသီးသီး ဖွင့်လှစ်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ချင်းပြည်နယ်၊ မတူပီမြို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်း(၁)ကျောင်း၊ ဖွင့်လှစ်ပေးနိုင်ရေးအတွက် အဓိကအရေးအကြီးဆုံးမှာ ဌာနပိုင်မြေရရှိရေးနှင့် အရည်အချင်းပြည့်မီသော သင်တန်းဆရာများ၊ သင်ထောက်ကူပစ္စည်းများ၊ စာသင်ခန်းများ၊ ဝပ်ရှော့များ၊ လုံလောက်စွာ ရှိရေးပင် ဖြစ်ပါတယ်။ မြေရရှိပြီးပါက ပညာရေးဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ သင်တန်းဆရာများ၊

စာသင်ခန်းများ၊ ဝပ်ရှော့များ၊ သင်ထောက်ကူပစ္စည်းများ ဆက်လက်ဖြည့်ဆည်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ထိုနည်းတူ ချင်းပြည်နယ်၊ မတူပီမြို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်း(၁)ကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က မြေနေရာရရှိရန် ပူးပေါင်းကူညီဆောင်ရွက်ပေးပြီး မြေနေရာရရှိပြီးမှသာ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် အစိုးရနည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ရန်အတွက် လိုအပ်လျက်ရှိသော အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး၊ ဝန်ထမ်းများ ခန့်အပ်နိုင်ရေးနှင့် သင်ထောက်ကူပစ္စည်းများ စသည်တို့ကို ဖြည့်ဆည်းပေးနိုင်ရေးတို့အား သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများ လျာထား၍ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထောင်စုစာရင်းစစ်ချုပ်က အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးမော်သန်း (ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်ထောင်စုဝန်ကြီးတို့ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်သို့ ကျွန်တော်တင်သွင်းခဲ့သော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က တင်သွင်းသော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမောင်မောင်လတ် က ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် အတည်ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးကို မိနစ်(၂၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ ထောင်စုနှစ်ရည်မှန်းချက်(၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိပညာရေး ကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ် အခန်း၌ "မျိုးဆက်ပွား ကျန်းမာရေး" "ပြည်သူ့နီတိ" "ဒီမိုကရေစီ"တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက် သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း တင်သွင်းထားသည့် ထောင်စုနှစ် ရည်မှန်းချက်(၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေ ဘာသာရပ်အခန်း၌ "မျိုးဆက်ပွားကျန်းမာရေး" "ပြည်သူ့နီတိ" "ဒီမိုကရေစီ" တို့ကို ဘာသာရပ်များ အဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၁၆။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဒေါက်တာဒေါ်တင်တင်ဝင်း ရဲ့ အဆိုကို အတွေ့အကြုံနှင့် ယှဉ်တွဲပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လူ့ဘောင်လူ့လောကကြီးအတွင်းမှာ လူရယ်လို့ စဖြစ်ကတည်းက သင်ကြားမှု၊ သင်ယူမှုတွေနဲ့ စတင်ခဲ့ရပါတယ်။ လူ့ဘဝထဲရောက်ပြီး စတင်သင်ယူမှုတွေနဲ့အတူ လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိ နှင့် ဖ လို့ဆိုခဲ့ပါတယ်။ အမိ၊ အဖ တွေဟာ ကျွန်တော်တို့ကို အရင်ဆုံး သင်ကြားပေးလိုက်တဲ့ လက်ဦးဆရာတွေ ဖြစ်ပါတယ်။ မိဘတွေက မိမိတို့ရဲ့ သားသမီးတွေကို ဘာလို့ ပညာသင်ကြားပေးကြတာလဲ၊ ဘာလို့ ကျောင်းထားကြတာလဲ၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်တာဟာ ပညာလို့ ပြောကြတယ်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကတော့ မိမိတို့ဘဝတွေ တွေ့ကြုံနိုင်သည့် အခက်အခဲ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ခြင်း၊ ကျော်လွှားနိုင်ခြင်း စတဲ့ အရည်အချင်းများဟာ ပညာလို့ ပြောခဲ့ပါတယ်။ နောက်ပြီး ပညာမှာလည်းပဲ အသိပညာ၊ အတတ်ပညာ၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာရယ်လို့ ခွဲခြားပြန်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဒေါက်တာဒေါ်တင်တင်ဝင်း က ထောင်စုနှစ်ရည်မှန်းချက်(၁၇)ချက်မှ စတုတ္ထအချက်ဖြစ်တဲ့ QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများရဲ့ သင်ရိုးညွှန်းတမ်း အထွေထွေ ဘာသာရပ်အခန်း၌ မျိုးဆက်ပွားကျန်းမာရေး၊ ပြည်သူ့နီတိ၊ ဒီမိုကရေစီတို့ကို ဘာသာရပ်များအဖြစ် သင်ယူပေးရုံမျှမက လက်ခံကျင့်သုံးရန်နှင့် စီမံဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီး ခင်ဗျား။ ကျောင်းမှာ ပြည်သူ့နီတိ သင်ခြင်းဟာ ကျောင်းသူ၊ ကျောင်းသားတွေကို စာရော စိတ်ပါ သင်ကြားပေးလိုက်တာဖြစ်ပါတယ်။ ကိုယ့်ထက် အသက်အရွယ်ကြီးတဲ့သူတွေကို ဘယ်လိုရိုသေရမယ်၊ လေးစားရမယ်၊ ဘယ်လိုဆက်ဆံရမယ်၊ ကိုယ့်ထက်ငယ်တဲ့သူတွေအပေါ်မှာ ကိုယ် ဘယ်လိုသဘောထားရမယ်၊ ဘယ်လိုဆက်ဆံရမယ်ဆိုတာ သင်ပေးလိုက်တာဖြစ်ပါတယ်။ ဒါ့အပြင် ရိုးသားခြင်း၊ ကြိုးစားခြင်းတို့ရဲ့ ဂုဏ်တွေ၊ နောက်ပြီး ကိုယ်ကျင့်တရား၊ တစ်နည်းပြောရရင် ကိုယ်ချင်းစာတရားထားဖို့ လူ့ဘောင်လူ့လောကကြီးကို ငြိမ်းချမ်းတဲ့ လူ့ဘောင်၊ မင်္ဂလာရှိတဲ့ လူ့ဘောင်ဖြစ်အောင် ဆောင်ရွက်နိုင်ဖို့ လူငယ်လူရွယ်တွေကို စိတ်ဓာတ်ပိုင်းဆိုင်ရာ လေ့ကျင့်ပြုစု ပျိုးထောင်ပေးဖို့ လိုပါတယ်။ စည်းကမ်းကို လေးစားလိုက်နာတတ်တဲ့ လူငယ်လူရွယ်တွေ ဖြစ်အောင်လည်း ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဆန္ဒကာဘိဝံသရဲ့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးဟာ ပရိယတ္တိ စာသင်တိုက်ကြီးဖြစ်ပါတယ်။ အဲဒီ စာသင်တိုက်ကြီးရဲ့ လိုက်နာရမယ့် အချက်(၁၀)ချက်မှာ စိတ်ကောင်းရှိဖို့က ပထမ၊ ပညာတတ်ဖို့က ဒသမနေရာမှာ ထားပါတယ်။ အဲဒါကို ကြည့်ခြင်းအားဖြင့် လူတိုင်း လူတိုင်း စိတ်ကောင်းရှိဖို့ အရေးကြီးတယ်ဆိုတာ မီးမောင်းထိုးပြခြင်း ဖြစ်ပါတယ်။ စိတ်ကောင်းမရှိသူတွေ တိုင်းပြည်ကိုအုပ်ချုပ်တဲ့အခါ တိုင်းပြည်ပျက်စီးသွားတာတွေ၊ ပြည်သူတွေ ဆင်းရဲဒုက္ခရောက်ရတာတွေ၊ ကိုယ့်အချင်းချင်း ရာဇပလ္လင်လုရင်း ကိုယ့်ကိုသူသတ်၊ သူ့ကို ကိုယ်သတ် စတဲ့လုပ်ရပ်တွေ သမိုင်းက သက်သေထူပြီးဖြစ်ပါတယ်။ အဲဒီလို မကောင်းတဲ့အရာတွေ အနာဂတ်ကို ဦးဆောင်ကြမယ့် လူငယ်တွေရဲ့စိတ်ထဲကို ရောက်မသွား

စေချင်ဘူး။ အကျိုးအကြောင်း၊ အဆိုးအကောင်း၊ အမှားအမှန်တွေကို ဝေဖန်ပိုင်းခြားတတ်တဲ့ ပညာတတ်လူငယ်လူရွယ်တွေ ဖြစ်စေချင်တယ်။ သဘောထားကြီးတဲ့ စိတ်ကောင်းရှိတဲ့ လူငယ်တွေ ဖြစ်စေချင်တယ်။ အဲဒီလိုဖြစ်ဖို့ စာသင်ကျောင်းတွေမှာ ပြည်သူ့နီတိကို အထွေထွေဘာသာရပ်အခန်းထဲမှာ ထည့်သွင်းသင်ကြားပေးဖို့လိုပါလိမ့်မယ်။

ကျွန်တော်တို့ငယ်ငယ်က ပြည်သူ့နီတိ သာမကဘဲ ကန်တော်မင်ကျောင်းဆရာရဲ့ ဆုံးမစာတွေ၊ လောကသာရပျို့တွေ သင်ခဲ့ရတယ်။ အဲဒါတွေဟာ ကျွန်တော်တို့ကို လေ့ကျင့်ပျိုးထောင်ပေးလိုက်တဲ့စာတွေပဲ၊ အဲဒီစာတွေက ကျွန်တော်တို့ရဲ့စိတ်ကို လိမ္မာအောင်၊ ယဉ်ကျေးအောင်၊ ကောင်းအောင် ပျိုးထောင်ပေးလိုက်တယ်။ အဲဒီစိတ်က အရာရာကို ရင်ဆိုင်ရဲတဲ့သတ္တိတွေလည်း မွေးပေးလိုက်တယ်။ မာကျောတဲ့စိတ်၊ ခိုင်မာတဲ့စိတ်၊ ခိုင်ကြည်တဲ့စိတ်နဲ့ အဲဒိစိတ်တွေကို မွေးပေးတာဟာလည်း ပြည်သူ့နီတိပဲ ဖြစ်တယ်။ ဒါ့အပြင် လူသားတစ်ယောက်အနေနဲ့ လူဖြစ်ကျိုးနပ်ဖို့၊ လူပီသဖို့၊ လူတော်လူကောင်းဖြစ်ဖို့ ပြည်သူ့နီတိက လမ်းညွှန်ပေးနိုင်တယ်။ ဒါကြောင့် ပြည်သူ့နီတိကို သင်ရိုးညွှန်းတမ်း အထွေထွေဘာသာရပ်အခန်းမှာ ထည့်သွင်း ပြဋ္ဌာန်းသင့်ကြောင်း ထောက်ခံအကြံပြု ဆွေးနွေးအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီလို့ ပြောလိုက်တာနဲ့ ၁၉၈၈ ခုနှစ်က ဖြစ်ခဲ့တဲ့ (၈)လေးလုံး အရေးတော်ပုံကြီးကို ပြန်လည်မြင်ယောင်မိပါတယ်။ ဘာလို့ (၈)လေးလုံး အရေးတော်ပုံကြီးဖြစ်ရတာလဲ၊ ဘာလို့ လူတွေ အုံကြွတော်လှန်ကြတာလဲ၊ ပြည်သူတွေဟာ အာဏာရှင်စနစ်အောက်မှာ ခါးသီးတဲ့အတွေ့အကြုံ၊ ဖိနှိပ်မှု အဖုံဖုံကို ခံစားခဲ့ကြရတယ်။ တိုင်းတစ်ပါး နယ်ချဲ့ရဲ့လက်ထဲက လွတ်လပ်ရေးကို ရအောင်ဆောင်ရွက်ခဲ့လို့ လွတ်လပ်ရေးရရှိခဲ့ပေမယ့် ပြည်သူတွေရဲ့ဘဝဟာ မလွတ်လပ်ခဲ့ဘူး။ တစ်ပါတီ အာဏာရှင်စနစ်ရဲ့အောက်မှာ ပြည်သူတွေရဲ့ဘဝဟာ ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်း၊ လွတ်လပ်မှုကင်းမဲ့ခြင်း စတဲ့ ဥပဒေအကာအကွယ်မဲ့မှုတွေ ဖြစ်လာတယ်။ တနည်းပြောရရင် ဒါတွေဟာ ဒီမိုကရေစီ ဆိတ်သုဉ်းနေခဲ့လို့ပဲ။ အမှောင်ဖုံးတဲ့ နိုင်ငံလုံးမှာ ဒီမိုကရေစီဆိုတာမရှိဘူး။ (၈)လေးလုံး အရေးတော်ပုံပြီးမှ ဒီမိုကရေစီစကားတွေ ပြောလာကြတယ်။ ဒီမိုကရေစီနဲ့ပတ်သက်ပြီး ပြည်သူများ သိခွင့်ရခဲ့တယ်။ ဒီမိုကရေစီစနစ်ဟာ အလုံးစုံ ပြည့်စုံတဲ့စနစ်၊ ကောင်းတဲ့စနစ်လို့ အပြီးအပြတ် ပြောလို့မရဘူး။ သူ့မှာလည်း ကောင်းကျိုး၊ ဆိုးပြစ်တွေ ရှိတယ်။ ဒါပေမဲ့ အာဏာရှင်စနစ်ထက် အများကြီးကောင်းတယ်၊ ယနေ့ကမ္ဘာပေါ်မှာ နိုင်ငံအများစု လက်ခံကျင့်သုံးနေကြတယ်။ ဒီမိုကရေစီဆိုတာ ဘာလဲ၊ မိမိကြိုက်နှစ်သက်တဲ့ အစိုးရတစ်ရပ်ကို မိမိကိုယ်တိုင် လွတ်လပ်စွာ မဲပေးရွေးချယ် တင်မြှောက်နိုင်တဲ့စနစ် ဖြစ်တယ်။ နောက်တစ်နည်းပြောရရင် ဒီမိုကရေစီဆိုတာ အာဏာအလွဲသုံးစားလုပ်တဲ့ အစိုးရတစ်ရပ်ကို ရွေးကောက်ပွဲမှာ လွတ်လပ်စွာမဲပေးပြီး ဖြုတ်ချနိုင်တဲ့စနစ် ဖြစ်တယ်။ ဒီမိုကရေစီစနစ်မှာ လူ့အခွင့်အရေးကို လေးစားလိုက်နာရမယ်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်တွေနဲ့ အကျုံးဝင်တယ်။ လူ့အခွင့်အရေးလို့ ပြောလိုက်တာနဲ့ CEDAW ခေါ်တဲ့ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှု အားလုံးဖျက်သိမ်းရေး သဘောတူစာချုပ်၊ CRC ခေါ်တဲ့ ကလေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ CRPT ခေါ်တဲ့ ကုလသမဂ္ဂ မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်၊ ဒါတွေ -----

**ဥက္ကဋ္ဌ**။ ။ အဆုံးသတ်၊ အဆုံးသတ်ပါ။ အချိန်စေ့သွားပြီ။

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ဒါကြောင့်မို့ ဒေါ်တင်တင်ဝင်း ရဲ့ အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၃။**

**ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး အမှူးပြု၍ ကြွရောက်လာကြပါသော ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကျော်နိုင် က ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်း ရဲ့ အဆိုမှာပါဝင်တဲ့ ဒီမိုကရေစီကို ဘာသာရပ်အဖြစ် မဖြစ်မနေ ပြဋ္ဌာန်းသင်ကြားပေးဖို့ လိုအပ်နေတဲ့အကြောင်းကို အလေးအနက်ထား ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော် တိုက်တွန်းဆွေးနွေးမယ့် ဒီမိုကရေစီ ပြဋ္ဌာန်းသင်ကြားရေးဟာဖြင့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ ပါရှိတာကို အထောက်အထားအဖြစ် Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီရဲ့ လုပ်ငန်းတာဝန်များက သတ်မှတ်ထားတာ (၁၀)ချက်ရှိပါတယ်ခင်ဗျား။ ကျွန်တော်က နံပါတ်(၃)အချက်ကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ မတူကွဲပြားခြားနားခြင်းကို နားလည်လက်ခံမှုနဲ့ တန်းတူညီမျှမှုကို အလေးထားမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ အဓိကအချက်ကတော့ ဒီမိုကရေစီအလေ့အကျင့်နဲ့ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများကို တန်ဖိုးထားသည့် နိုင်ငံသားကောင်းများဖြစ်ရေး ဆိုတဲ့အချက် ဖြစ်ပါတယ်။ တစ်ခါထပ်ပြီးတော့ နံပါတ်(၈)ကို ပြောပါမယ်။ သင်ရိုးညွှန်းတမ်းများသည် လက်တွေ့ဘဝနှင့် ဆက်စပ်မှုရှိရေးပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ လက်တွေ့ဘဝမှာ ကျွန်တော်တို့ဟာ ပြဋ္ဌာန်းထားတဲ့ စံနှုန်းများနှင့်အညီ ဒီမိုကရေစီနည်းကျ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တာဝန်ထမ်းဆောင်နေကြပြီဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့နိုင်ငံဟာ နှစ်ပေါင်း(၅၀)ကျော် ဒီမိုကရေစီ ဆိတ်သုဉ်းခဲ့ရတာမို့လို့ လူအများစုက ဒီမိုကရေစီကို သဘောမပေါက်ကြပါဘူး။ တာဝန်ထမ်းဆောင်နေဆဲ ဝန်ထမ်းများ၊ သာမန်လူများတွေကပါ ဒီမိုကရေစီကို လုပ်ချင်ရာလုပ်နေကြတဲ့စနစ်လို့ အမြင်စောင်းနေတာတွေရှိပါတယ်။ အလုပ်ခွင်မှာ အလုပ်စည်းကမ်းကို လိုက်နာရပါမယ်။ ကျောင်းမှာနေရင် ကျောင်းစည်းကမ်းကို လိုက်နာရပါမယ်။ လမ်းပေါ်မှာနေရင် လမ်းစည်းကမ်းကို လိုက်နာရပါမယ်။ တစ်ပြည်လုံးမှာရှိတဲ့ နေရာဒေသအသီးသီးအလိုက် စည်းကမ်းဓလေ့ထုံးစံများကို လိုက်နာရမှာ ဒီမိုကရေစီရဲ့ အနှစ်သာရပဲ ဖြစ်ပါတယ်။ မိမိပြောဆိုလုပ်ဆောင်မှုအပေါ်မှာ တာဝန်ခံမှု၊ တာဝန်ယူမှုဟာ ဒီမိုကရေစီရဲ့ အခြေခံကျင့်စဉ်တရား ဖြစ်ပါတယ်။ တာဝန်ခံမှု၊ တာဝန်ယူမှုနဲ့အတူ ဒီမိုကရေစီ

အလေ့အကျင့်နဲ့ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများကို တန်ဖိုးထားတဲ့ နိုင်ငံသားကောင်းများ ဖြစ်ပေါ် လာရေးအတွက် ပညာရေးကောလိပ်တွေမှာ ဆရာ၊ ဆရာမများကို ဦးစွာ လေ့ကျင့်သင်ကြား ပျိုးထောင် ပေးရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဒီမိုကရေစီကို အလွတ်ကျက်မှတ်ရတဲ့ပုံစံနှင့် သင်ကြားပေးဖို့ လုံးဝ မဖြစ်နိုင်တဲ့အကြောင်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ အကြံပြုဆွေးနွေးချင်ပါတယ်။

မ.ဆ.လတစ်ခေတ်မှာ ကျောင်းသားတွေကို အတွေးအခေါ် ပုံသေရိုက်သွင်းဖို့ သင်ရိုးပြဋ္ဌာန်း ခဲ့ဖူးပါတယ်။ ၁၉၇၆ ခုနှစ်၊ ဦးသန့် ဈာပနအရေးအခင်းအပြီးမှာ ဒေသကောလိပ်တွေ နိုင်ငံအနှံ့ဖွင့်ပြီးတော့ ပထမနှစ်ကျောင်းသားအားလုံးဟာ Political Science နိုင်ငံရေးသိပ္ပံကို မယူမနေရ၊ မသင်မနေရ ပြဋ္ဌာန်းခဲ့ဖူးပါတယ်။ အဲဒီဘာသာကတော့ သူတို့ရဲ့စနစ်ကို အဓိကပုံသေရိုက်သွင်းတဲ့ ပုံစံ ဖြစ်တယ်။ အဲဒီဘာသာ တစ်ဘာသာတည်းနဲ့ကျရင် လုံးဝအအောင်မပေးပါဘူး။ ကျောင်းသားတွေ စိတ်ညစ်ခဲ့ရတဲ့ အကျိုးမရှိတဲ့ ဘာသာဖြစ်ခဲ့ရပါတယ်။ အဲဒီတုန်းက Political Science ကျတဲ့အတွက် တစ်ဘာသာ ထဲကျတဲ့အတွက် နှစ်နှစ် 2f ထိပြီးတော့ ကျောင်းထွက်ရတဲ့ ကျောင်းသားတွေအများအပြား ရှိခဲ့ဖူး ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံကို ဒီမိုကရေစီအလေ့အကျင့်နဲ့ နိုင်ငံသားကောင်းရ အောင် ပြုစုပျိုးထောင်ရာမှာ ပြုသင့်တဲ့ သင်ရိုးကို ပြု၊ ပယ်သင့်တဲ့ သင်ရိုးကို ပယ်ရမှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ မိမိရဲ့ မိဘကို ချစ်မြတ်နိုးသလို မိမိရဲ့ တိုင်းပြည်ကိုလည်း ချစ်မြတ်နိုးသူတွေ များ ဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့ Mother Country, Father Country လို့ တင်စားသုံးနှုန်းကြ ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ ဒီမိုကရေစီ ဆိတ်သုဉ်းခဲ့တဲ့ကာလတွေမှာတော့ အုပ်ချုပ်သူအာဏာရှင်တွေ ဟာ ငါတို့သာလျှင် တိုင်းပြည်ချစ်တယ်၊ ကျန်တဲ့ တစ်ပြည်လုံးက ပြည်သူတွေဟာ တိုင်းပြည်ကို မချစ် ဘူးဆိုတဲ့ အချိုးမျိုးနဲ့ ကျောင်းစာသင်ရိုးထဲမှာ တိုင်းချစ် ပြည်ချစ်စိတ်တို့ မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေး တို့ ထည့်သွင်းထားတာတွေကို ယနေ့ထိ သင်ရိုးထဲမှာ ဖယ်ရှားထားခဲ့ခြင်းများဟာ ပြည်သူကို ယုံကြည် အားပြုတဲ့ ဒီမိုကရေစီစနစ်နဲ့အညီ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီရဲ့ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ရပ်ကို အလျဉ်းသင့်လို့ အကျဉ်းမျှသာ ဆွေးနွေးတင်ပြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော့်သားသမီးများအပါအဝင် ကျွန်တော်တို့ တူရွယ်သားအရွယ် လူငယ်များဟာဖြင့် ခေါက်ရိုးကျိုးပုံစံကျ သင်ရိုးဟောင်းများနဲ့ ကြီးပြင်းလာခဲ့ကြရ ပါပြီ။ ကျွန်တော့်မြေးတွေခေတ်မှာတော့ အတွေးဟောင်း၊ အမြင်ဟောင်း၊ သင်ရိုးဟောင်းများကို ပြောင်းပြီးတော့ ဒီမိုကရေစီ သင်ရိုးသစ်များနဲ့ နိုင်ငံသားကောင်းများဖြစ်ပေါ်လာဖို့ မျှော်လင့်ရင်းနဲ့ ဆရာမကြီး ဒေါက်တာဒေါ်တင်တင်ဝင်း ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံပြီးတော့ တာဝန်ရှိသူ များနှင့်တကွ ပြည်သူအားလုံး ခေတ်ဟောင်း၊ စနစ်ဟောင်းက ခေါက်ရိုးကျလာတဲ့ အတွေးအခေါ်၊ ခံယူချက်ဟောင်းများကို ပြောင်းလဲပြီးတော့ အတွေးအခေါ်သစ်၊ ခံယူချက်အသစ်များနဲ့ ကမ္ဘာ့အဆင့်မီ ဒီမိုကရေစီတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) ဦးငွန်ပေး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၂၈။**

**ဦးငွန်ပေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ အားလုံး မင်္ဂလာပါ။ ကျွန်တော် ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွန်ပေး ဖြစ်ပါ တယ်။ ဆယ်စုနှစ်ပေါင်းများစွာ အသိပညာ အတတ်ပညာတို့ထက် အတန်းရွှေ့ရေး၊ အမှတ်များရေး၊ ကြက်တူရွေးပညာရေးစနစ်မှ ဆင်ခြင်သုံးသပ်ဝေဖန်ရေး၊ Quality ၊ Qualified ပညာရေးစနစ်သို့ ကူးပြောင်းခြင်းအလို့ငှာ ဒီအဆိုကို ကျွန်တော့်ရဲ့ တစ်ထွာလေးသော ဉာဏ်ဖြင့် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံခြား၊ အခြားဘာသာစကားကို အသုံးပြုခွင့် ခွင့်ပေးပါလို့ ဥက္ကဋ္ဌကြီးကို တောင်းပန် ချင်ပါတယ်။

(၁) မျိုးဆက်ပွားကျန်းမာရေး (Sex Education)။ ရိုးရာယဉ်ကျေးမှုကို ရှေ့တန်းတင် လွန်းသော အရှေ့နိုင်ငံများသည် Sex ဆိုတဲ့ စကားလုံးကို ရွံ့စရာ၊ ရှက်စရာ ကြောက်စရာ၊ မကောင်း ဆိုးရွားသကဲ့သို့ မြင်ကြသောကြောင့် အိမ်များတွင်လည်းကောင်း၊ ကျောင်းများတွင်လည်းကောင်း အသီးသီး မသင်ကြားကြဘဲ ထိုယဉ်ကျေးမှုကို အကြောင်းပြုပြီး ရှေးဟောင်းမူတွေများတဲ့ အရှေ့ တိုင်းရင်းသားများရဲ့ အမိ မသင်ပေးခြင်း၊ အဖ မသင်ပေးခြင်း၊ ကျောင်းက မသင်ပေးခြင်း၊ ဘာသာရေး အရ ညစ်ညမ်းခြင်း အယူသည်းမှုတွေကြောင့် Sex ဆိုတဲ့ စကားလုံးကြားတာနဲ့ နေရင်းထိုင်ရင်း မယဉ်ကျေးသူ၊ အနောက်တိုင်းယဉ်ကျေးမှုကို ကိုးကွယ်သူ၊ မြန်မာ့ယဉ်ကျေးမှုကို ဖီလာသူအဖြစ် သတ်မှတ်ကြပါတယ်။ အမှန်မှာတော့ Sex ဟာဖြင့် လူသားတွေသာမက တိရစ္ဆာန်အတွက်ပါ မျိုးဆက် ပွားခြင်းအလို့ငှာ မရှိမဖြစ်သော သဘာဝတရားဖြစ်ပြီး လွန်ဆန်လို့လည်း မရပါ။ ထို့ကြောင့် Sex Education သည် လူသားတစ်ယောက်ရဲ့ သိသင့်သိထိုက်တဲ့ ပညာရပ်တစ်ခုအနေဖြင့် သင်ခန်းစာ တွင် ဖော်ပြသင့်ကြောင်း ထောက်ခံအပ်ပါတယ်။

(၂) ပြည်သူ့နီတိ (Civics Education) သို့မဟုတ် Ethics နှင့် Ethos၊ လက်တင်ကနေ Civics လို့လာပြီးတော့ ဂရိကနေ Ethics, Ethos တွေရဲ့ အဓိပ္ပာယ်ကတော့ လူသားတစ်ဦးရဲ့ တာဝန် ယူမှု၊ တာဝန်ခံတတ်မှုနဲ့ စိတ်ဓာတ်ရေးရာ ကျင့်ဝတ်ကျင့်ထုံးတွေ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဆိုသော် လူကိုလူလို ဆက်ဆံတတ်ခြင်း၊ လူလိုကျင့်ကြံတတ်ခြင်းတို့ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးသင်ရိုးကို ကြည့်ပြီးပြောမယ်ဆိုရင် အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူတွေရဲ့ စာရိတ္တကို ထိန်းကျောင်းဖို့ အတွက် အဓိကအခန်းကဏ္ဍမှာပါဝင်တဲ့ မြန်မာဖတ်စာက ဆင်ခြင်သုံးသပ် ဝေဖန်မှုနဲ့ဆိုင်သော သင်ရိုး မဟုတ်ဘဲ ဘယ်ခေတ်ကစမှန်းမသိတဲ့ အဲဒါကျွန်တော် ချင်း Perspectives ကနေ ပြောတာဖြစ်တယ်။ ညအခါ လသာသာ တစ်ခုတည်းသော ဘာသာရေးကို အခြေခံသော သင်ရိုးညွှန်းတမ်း ထိုမျှမက စစ်ဘုရင်တို့ရဲ့ သူရဲကောင်းဝါဒီကို အခြေခံသော သမိုင်းသင်ရိုးညွှန်းတမ်းကိုသာ တောက်လျှောက်

တွေ့မြင်ရပါတယ်။ ဒါကြောင့် ကျောင်းသားတွေရဲ့ အသွေးအသား၊ နှလုံးသားအတွေးအခေါ်များသည် လူသားရေးဝါဒီထက် လူမျိုးရေးဝါဒီကိုလည်းကောင်း၊ မေတ္တာရေးထက် ဘာသာရေးကိုလည်းကောင်း၊ အများဆိုင်ရာ အမြင်ထက် အတ္တရေးကိုလည်းကောင်း၊ ပတ်ဝန်းကျင်ရေးထက် အမျိုးရေးကိုလည်း ကောင်း၊ အင်အားကြီးသူက နိုင်စားခြင်း၊ ထိုဥပဒေသအရ လျင်သူ ရစတမ်း အဖြစ်လည်းကောင်း စသည်ဖြင့် ထက်သန်ကြပြီး လူသားတို့ရဲ့ အခြေခံဝါဒီဖြစ်သော ပြည်သူ့နီတိ သို့မဟုတ် လူသားတစ်ဦး ရဲ့ တာဝန်ယူမှု၊ တာဝန်ခံတတ်မှုနဲ့ စိတ်ဓာတ်ရေးရာကျင့်ဝတ် ဟူသောအရာသည် အနာဂတ်မျိုးဆက် များအတွက် ဘာမှမအပ်စပ်တဲ့ ပညာရေးတစ်ရပ်သာ ဖြစ်လာပါတယ်။ စိတ်ဓာတ်ရေးရာ အထက်တန်း ကျမှုနဲ့ ဆိုင်တဲ့ ပတ်ဝန်းကျင်နဲ့ လူသားတို့အတွက် အခြေခံမူဝါဒလည်းဖြစ်သော ပြည်သူ့နီတိဆိုင်ရာ ဘာသာရပ်များကို မြန်မာနိုင်ငံ၏ ပညာရေးသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းခြင်းအားဖြင့် တိုင်းပြည်၏ ရတနာဖြစ်ကြသော ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် နားလည်သဘောပေါက်ကြမှာဖြစ်လို့ ဒီအဆိုကို ထောက်ခံပါတယ်။

(၃) ဒီမိုကရေစီ။ ဒီမိုကရေစီဟာ Demos=People, Cracy=Rule of Power ကလာတဲ့ စကားလုံးဖြစ်ပြီး အဓိပ္ပာယ်ကတော့ အများက ရွေးချယ်ခန့်အပ်ထားသူများက အုပ်ချုပ်ခြင်း သို့မဟုတ် ပြည်သူကို အခြေခံသော အုပ်ချုပ်ခြင်းကို ဆိုလိုပါတယ်။ အနှစ်သာရက လက်ခံနိုင်သော စိတ်ဓာတ် သင်ယူခြင်း၊ တစ်နည်းအားဖြင့် ကိုယ်တိုင်ကိုယ်ကျ မနှစ်သက် သဘောမတူသော်ငြားလည်း အများက လက်ခံနိုင် သဘောတူညီမှု ရှိရင် လက်ခံတတ်ခြင်း၊ ကျေနပ်တတ်ခြင်းနှင့် ပူးပေါင်းနိုင်ခြင်း စသည်တို့ ဖြစ်ပါတယ်။ ထို့အပြင် အဖွဲ့အစည်းတစ်ခု၏ မူ၊ ကျင့်ထုံး၊ ဥပဒေသ၊ ကျင့်ဝတ်တို့ကိုလည်း လက်ခံတတ် ခြင်း၊ လိုက်နာတတ်ခြင်းတို့နဲ့လည်း သက်ဆိုင်ပါတယ်။ ထိုမျှမက လူကိုလူလို ဆက်ဆံတတ်ခြင်း၊ အများသဘောကို လေးစားနိုင်ခြင်း၊ ကိုယ်ပိုင်ဆုံးဖြတ်ပြီး ရွေးချယ်နိုင်ခွင့်ရှိခြင်း၊ ကိုယ့်ကိုကိုယ် အားကိုးတတ်ခြင်း စသည်ဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် အလွန်ပင်အရေးကြီးလှသော စိတ်ဓာတ်ရေးရာကိုပါ မြှင့်တင်နိုင်မှာ ဖြစ်ပါတယ်။ ထို့ကြောင့် Sex Education, Civics Education သို့မဟုတ် Ethics, Ethos နဲ့ Democracy Education ဆိုတဲ့ဘာသာရပ်များကို ကျွန်တော့်အမြင် ဖြင့် ပြောမယ်ဆိုရင် အလယ်တန်းမှုပင် မစဘဲ KG တန်းမှပင် စသင့်ကြောင်း ဒီသင်ခန်းစာများကို ခေတ်နောက်ပြန်မဆွဲတော့ဘဲ သင်ကြားရေးတွင်လည်း By heard စနစ်နည်းမဟုတ်ဘဲ ဆင်ခြင်သုံးသပ် ဝေဖန်ထောက်ပြရေးအသွင်ဖြင့် နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်ဖို့အတွက် ထည့်သွင်းသင့်ဖို့ အချိန်တန်ပြီဖြစ်လို့ ဒီအဆိုကို ထောက်ခံရင်းနဲ့ ဆွေးနွေးအပ်ပါတယ်။ အားလုံး လေးစားပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၃။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဦးအောင်မျိုးလတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၃။**

**ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ် ဖြစ်ပါတယ်။

ယနေ့ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၏ ထောင်စုနှစ် ရည်မှန်းချက်(၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော QUALITY EDUCATION အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုး ညွှန်းတမ်းတွင် အထွေထွေဘာသာရပ် အခန်း၌ "မျိုးဆက်ပွားကျန်းမာရေး" "ပြည်သူ့နီတိ" "ဒီမိုကရေစီ" တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံ ဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို ထောက်ခံပြီး ဒီမိုကရေစီနှင့် ပြည်သူ့နီတိကို အဓိကထား ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ စာသင်ကျောင်းများရဲ့ အဓိကရည်ရွယ်ချက်မှာ တိုင်းကျိုးပြည်ကျိုးကို ကြည့်တတ်သော၊ အတ္တနှင့် ပရမ္မတသော၊ ကိုယ်ကျင့်တရားကောင်းမွန်သော၊ ဉာဏ်ပညာနှင့် ပြည့်စုံသော နိုင်ငံသူ၊ နိုင်ငံသားကောင်းများ ပေါ်ထွန်းလာရေးအတွက် အဓိကဖြစ်ပါတယ်။ အဲဒီလို ဖြစ်ထွန်းလာဖို့အတွက် ကျောင်းနေအရွယ်အချိန်ကတည်းက လွတ်လပ်စွာ တွေးခေါ်ခြင်း၊ လွတ်လပ်စွာ စည်းရုံးခြင်း၊ လွတ်လပ်စွာ ရေးသားခြင်း၊ တီထွင်ဖန်တီးခြင်း စတဲ့ အခြေခံဒီမိုကရေစီ သဘောတရားများကို လေ့ကျင့်သင်ကြားပေးဖို့ အဓိကလိုအပ်ပါတယ်။ ဒီမိုကရေစီစနစ်ကဲ့သို့ တည်ဆောက်ရာတွင် တဖြည်းဖြည်းချင်း အချိန်ယူတည်ဆောက်ရပြီး အာဏာရှင်စနစ်ကဲ့သို့ နေ့ချင်းညချင်း ပြုလုပ်၍မရပါ။ ဒီမိုကရေစီ၏ သဘောသဘာဝမှာ ပြည်သူအများစု၏ သဘောဆန္ဒကိုရယူပြီး တဖြည်းဖြည်းတည်ဆောက်သော ပြည်သူ့ဆန္ဒကို အခြေခံသော အလေ့အကျင့်များ ထွန်းကားလာနိုင်အောင် ပြုလုပ်ရပါမယ်။ ဗဟိုဦးစီးစနစ်ကဲ့သို့ အထက်ကပြောလိုက်သောပုံစံကို တစ်သဝေမတိမ်း လုပ်ဆောင်တတ်သော အလေ့အကျင့်ကအများနှင့် ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သော အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးရမယ်။ မိမိနှင့် စိတ်ကူးအယူအဆချင်း၊ သဘောထားချင်း မတူညီသူကို တူညီအောင်မပြုလုပ်ဘဲ စိတ်ကူးသဘောထားများ လွတ်လပ်စွာ ကွဲလွဲခွင့်၊ ရှင်သန်ခွင့်၊ ဖန်တီးခွင့်တို့မှ တိုင်းပြည်အတွက် အရောင်အသွေးစုံလင်သော၊ တန်ဖိုးရှိသော အကြံဉာဏ်များလည်း ပေါ်ထွက်လာနိုင်ပါတယ်။

ဒီမိုကရေစီနှင့် ပြည်သူ့နီတိကို သင်ကြားသောကြောင့် ဆရာ၊ တပည့် ဆက်ဆံရေးတွင် အပြန်အလှန်လေးစားမှုများ တိုးပွားလာပြီး ကျောင်းသားများ၏ လုပ်ဆောင်ချက်များကို အသိအမှတ်ပြုသောကြောင့် လေ့လာသင်ယူလိုစိတ်များ အများကြီး ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ မိဘ၊ ဆရာသမားကိုလည်း ပိုမိုတန်ဖိုးထား လေးစားသည့်စိတ်ဓာတ်များ ထွန်းကားလာပြီး ဆရာ၊ မိဘ၊ ကျောင်းသားသုံးဦး သုံးဖလှယ် ဆက်ဆံရေးပိုမိုကောင်းမွန်လာသောကြောင့် ကျောင်းသားများ၏ အရည်အသွေး

များလည်း ပိုမိုမြင့်မားလာနိုင်ပါတယ်။ ဒီမိုကရေစီ၏အခြေခံများကို သင်ကြားကျင့်သုံးသောကြောင့် ကျောင်းသားများ၏ အပြိုင်အဆိုင် ယှဉ်ပြိုင်မှုများနေရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းများ စသော စားပွဲဝိုင်းယဥ်ကျေးမှုများ ထွန်းကားလာမှာ ဖြစ်ပါတယ်။ နိုင်ငံရေးစနစ်ကျင့်သုံးတဲ့နေရာမှာ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရခြင်းဟာ အင်မတန်ခက်ခဲပါတယ်။ ဒီမိုကရေစီစနစ်မှာ ပြည်သူများ၏ အသိဉာဏ်ပညာမှာ အရေးပါဆုံးဖြစ်ပါတယ်။ အသိဉာဏ်ပညာအတွက် အဓိက ပျိုးထောင်ပေးသော၊ အခြေခံကျသော စာသင်ကျောင်းများမှာလည်း ကျန်းမာရေး၊ ပညာရေး၊ ဒီမိုကရေစီအခြေခံကျင့်စဥ်နှင့် ပြည်သူ့နီတိတို့ကို နောင်ကြီးပြင်းလာမည့် အနာဂတ်လူမှုပတ်ဝန်းကျင်အထိ ပျံ့နှံ့ကျင့်သုံးဖို့အတွက် သေချာစွဲမြဲအောင် သင်ကြားပေးဖို့ လိုအပ်ပါတယ်။

လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးနေပြီဖြစ်တဲ့အတွက်ကြောင့် ဒီမိုကရေစီနှင့် ပြည်သူ့နီတိတို့ကို ရှင်သန်သက်ဝင်လှုပ်ရှားနေစေဖို့ကို အခြေခံပညာကျောင်းသားအရွယ်ကပင် ဘာသာရပ်များအဖြစ် စနစ်တကျ သင်ကြားပေးဖို့ အဓိက လိုအပ်လျက်ရှိပါတယ်။ နိုင်ငံပြုပြင်ပြောင်းလဲရေးတွင် အဓိကကျသော ပြုပြင်ပြောင်းလဲမှုမှာ ပညာရေးပြုပြင်ပြောင်းလဲမှုဖြစ်ပါတယ်။ ပညာရေးပြုပြင်ပြောင်းလဲမှု မှန်ကန်မှသာလျှင် တိုင်းပြည်ရဲ့ ပြုပြင်ပြောင်းလဲမှု ရေရှည်ခိုင်မာမှန်ကန်မှာ ဖြစ်ပါတယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုတွင် ကျောင်းသားများအတွက် လွတ်လပ်စွာတွေးခေါ်ခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့် စတဲ့ ဒီမိုကရေစီအခြေခံသဘောတရားများကို ကျောင်းသားအရွယ်ကနေ လိုက်နာကျင့်သုံးမှသာလျှင် ပြည်သူများ လိုလားတောင်းတနေသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ပြောကြားရင်း အဆိုကို ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၇။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာ ချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်း ၏ အဆိုမှ ပြည်သူ့နီတိ၊ ဒီမိုကရေစီသင်ရိုးတို့ကို မိတ်ဆက်သင်ပေးရုံမျှမက အဆိုကို ထောက်ခံပြီး လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း အဆိုကို အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ မှာ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟု ပါရှိပါတယ်။

ဒီမိုကရေစီနိုင်ငံရေးစနစ်က ပြည်သူလူထုက မိမိကိုယ်ကို မိမိထိန်းကျောင်း အုပ်ချုပ်တဲ့စနစ် ဖြစ်ပါတယ်။ ဒီမိုကရေစီအစိုးရဆိုတာ ပြည်သူအတွက် ပြည်သူကိုယ်တိုင် ပြည်သူ့အစိုးရဖြစ်သလို ဖြစ်ပါတယ်။ ပြည်သူပြည်သားများသည် အစိုးရထံမှ အခွင့်အရေးများ ခံစားကြရသကဲ့သို့ ပြည်သူပြည်သားတို့ ကလည်း ပြန်လည်ထမ်းဆောင်ရန် တာဝန်ဝတ္တရားများ မြောက်မြားစွာရှိပါတယ်။ တိုင်းပြည်၏ စည်ပင် သာယာရေး၊ တိုးတက်ကြီးပွားရေးတို့မှာ မိမိတာဝန်မဟုတ် အစိုးရ၏တာဝန်သာဖြစ်သည်ဟု မိရိုးဖလာ အစွဲအလမ်းတိုင်းကို ပေါ့ပေါ့ဆဆနေထိုင်လို့ မရတော့ပါဘူး။ ဒီမိုကရေစီစနစ်ကို စတင်အကောင်အထည် ဖော်ဆောင်ရွက်နေတာ ဆယ်စုနှစ်နီးပါးရှိသည့်တိုင် ဒီမိုကရေစီနိုင်ငံသားတို့၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းအပ်တဲ့ ပြည်သူ့နီတိ၊ ဒီမိုကရေစီသင်ရိုးများ ကျယ်ကျယ်ပြန့်ပြန့် သင်ကြားခဲ့ခြင်းမရှိဘဲ မည်ကာမတ္တသာ ရှိခဲ့ပါတယ်။ ကမ္ဘာပေါ်မှာရှိ ဒီမိုကရေစီနိုင်ငံတိုင်းတွင် မူကြိုကျောင်း စတင် နေချိန်မှစ၍ အထက်တန်းပြီးသည်အထိ ကျောင်းသင်ရိုးများ၌ ဒီမိုကရေစီနိုင်ငံသားကောင်းဖြစ်ရေးကို ထည့်သွင်း သင်ကြားလေ့ကျင့်ပေးပါတယ်။ အခြေခံအဆင့်တွင် စာသင်နှစ်တစ်နှစ် စာသင်ချိန်နာရီ ပေါင်း(၃၀)၊ အလယ်တန်းအဆင့်မှာ နာရီပေါင်း(၄၀)၊ အထက်တန်းအဆင့်မှာ နာရီပေါင်း(၆၀)မှ (၁၂၀)ထိ ထည့်သွင်းထားပြီး အရည်အသွေးပြည့်၊ တာဝန်သိ တာဝန်ယူတတ်သော နိုင်ငံသားများဖြစ် လာအောင် လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ ကျွန်တော်တို့နိုင်ငံမှာ သိသာထင်ရှားတဲ့ ပညာရေး ပြုပြင်ပြောင်းလဲမှုများစတင်ကာ သင်ရိုးသစ်စတင်ခဲ့ပါတယ်။ ကလေးဘဝကတည်းကပင် အုပ်စုဖွဲ့ ဆက်ဆံ ပေါင်းသင်းတတ်ခြင်း၊ အထင်အမြင် အကြားအပေါ် ကောက်ချက်မချဘဲ သတင်းအချက်အလက် ခိုင်လုံစွာ စုဆောင်းကောက်ချက်ချ အစီအစဉ်တကျ လုပ်ဆောင်တတ်ခြင်း၊ အချင်းချင်း အမြင်ဖလှယ် ခြင်း၊ ပေါင်းသင်းဆက်ဆံရေး အခြေခံအလေ့အကျင့်ဖြစ်သော အခြားသူများပြောစကားကို ဂရုတစိုက် နားထောင်တတ်တဲ့ အလေ့အကျင့် မွေးမြူပေးခြင်း၊ ထိထိရောက်ရောက် မေးခွန်းထုတ်တတ်ခြင်း၊ လူတိုင်း၏တန်ဖိုးကို လေးစားတန်ဖိုးထားတတ်ခြင်း၊ အများအကျိုးသယ်ပိုးလိုခြင်း၊ အပြောအဆို အပြု အမူ ယဉ်ကျေးခြင်း၊ အရာရာကို သတိမူ အကဲခတ်ဝေဖန်သုံးသပ်တတ်ခြင်း၊ အပေးအယူ အလျှော့ အတင်းလုပ်ကာ ပြေလည်အောင်ဆောင်ရွက်လိုခြင်း စတဲ့ ဒီမိုကရေစီနိုင်ငံသားကောင်းဖြစ်ရေး သင်ရိုး များကို အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းကာ မိတ်ဆက်ရုံမျှမက ထိထိရောက်ရောက် သင်ကြားလေ့ကျင့်ပေးရေး အဆိုကို ထောက်ခံကြိုဆိုပါတယ်။

ပြည်သူ့နီတိခေါ် လူမှုရေးရာပညာရပ်တွင် ပါဝင်သော နိုင်ငံ့သမိုင်း၊ အမျိုးသားယဉ်ကျေးမှု၊ လူမျိုးရေးစိတ်နေသဘောထား၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ တိုင်းပြည်အုပ်ချုပ်ရေး၊ စီးပွားရေး၊ ခေတ်ကာလ အဖြစ်အပျက်အခြေအနေ စတဲ့ ပညာရပ်အသီးသီးအပြင် လူ့အခွင့်အရေးဆိုင်ရာများ၊ တစ်ကိုယ်ရေသန့်ရှင်းကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သင်တန်းများကို အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသင်ရိုးများတွင် မိတ်ဆက်ရုံမျှမဖြစ်စေဘဲ အလေးအနက်ထား သင်ကြားရေးသည် ဒီမိုကရေစီနိုင်ငံ၏ အနာဂတ်အတွက် အထူးလိုအပ်ချက်ဖြစ်ကြောင်း ထောက်ခံ ပြောကြားလိုပါတယ်။ ကျောင်းသင်ရိုးများတွင် သင်ကြားလေ့ကျင့်ခြင်းဖြင့် အသိစိတ်ဓာတ် ပေါင်းဖက် ကာ လက်ခံကျင့်သုံးလာစေရမည် ဖြစ်ပါတယ်။ လက်ခံကျင့်သုံးရန် ထပ်မံစီမံစရာ လိုမည် မဟုတ်ပါ။

လက်ခံကျင့်သုံးခြင်းဆိုတာ အသိစိတ်ဖြင့် မိမိဘာသာမိမိ လိုက်နာလက်ခံခြင်းသာ ဖြစ်ပါတယ်။ လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးဖို့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းခြင်း အဆိုကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ဖြစ်နိုင်ခြေနည်းပါတယ်။

နိဂုံးချုပ်အားဖြင့် ဒီမိုကရေစီနိုင်ငံသားကောင်းဖြစ်ရေး သင်ရိုးညွှန်းတမ်းမှာ သင်ခန်းစာများကို သင်ယူသူကျောင်းသားလူငယ်များ သင်ယူလက်ခံကျင့်သုံးရန်သာမက သင်ကြားသည့်ဆရာ၊ ဆရာမများရော လူကြီးသူမ နိုင်ငံသားအားလုံး အသိစိတ်ကိုယ်စီဖြင့် လက်ခံကျင့်သုံးကြရမည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၂။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုဝန်ကြီးအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည် ဖြစ်ပါတယ်။

ဒီနေ့ ကျွန်မ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ကနေပြီးတော့ ဒေါက်တာတင်တင်ဝင်း တင်ပြသွားတဲ့ အဆိုကို ကျွန်မအနေနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈(က)မှာ ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်ပြီး အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုသည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ပေးရမယ်ဆိုတာ ပါ ပါတယ်။ အခု မြန်မာနိုင်ငံမှာရှိတဲ့ ပညာရေးကောလိပ်တို့၊ အထက်တန်းကျောင်းနဲ့ အလယ်တန်းကျောင်းတို့ရဲ့ သင်ရိုးညွှန်းတမ်းတွေမှာ အထွေထွေဘာသာရပ်အခန်းမှာ မျိုးဆက်ပွားကျန်းမာရေးကို လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်သင့်ကြောင်း အဆိုကို ထောက်ခံပါတယ်ရှင်။

ပညာရေးဟာ နိုင်ငံတော်ရဲ့ လူသားစွမ်းရည်အရင်းအမြစ်နှင့် နိုင်ငံတော်ရဲ့ စံချိန်မီ ကုန်ထုတ်လုပ်မှုမြင့်မားရေးအတွက် အရေးကြီးဖော်ဆောင်တဲ့ ဒီမိုကရေစီဖော်ဆောင်မှုအတွက် အုတ်မြစ်ဖြစ်ပါတယ်။ ဖွံ့ဖြိုးရေး၊ တိုးတက်ရေးအစ ပညာရေးကဖြစ်ပါတယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုမှာ အဓိကလိုအပ်ချက်ကတော့ နိုင်ငံတော်ရဲ့ ပကတိအခြေအနေနဲ့ အနာဂတ်လိုအပ်ချက်အတွက် ကိုက်ညီသော သင်ရိုးညွှန်းတမ်းများ အစဥ်ပြုပြင်ညွှန်းပေးနိုင်ခြင်းပဲ ဖြစ်ပါတယ်။ ပညာရေးဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဏ္ဍိုင်ကြီးဖြစ်သလို လူသားတွေအတွက်လည်း အသက်သွေးကြောဖြစ်ပါတယ်။ မျိုးဆက်ပွားကျန်းမာရေးကို အလယ်တန်းအဆင့်ကနေပြီးတော့ စပြီးတော့ သင်ကြားပေးမယ်ဆိုလို့ရှိရင် ယနေ့ ကလေး နောင်ဝယ်လူကြီးဆိုသလို ဖြစ်လာမယ့်အချိန်မှာ အထက်တန်းပညာရေး

ကို မသင်ကြားနိုင်တဲ့ အလယ်တန်းအဆင့်နဲ့သွားတဲ့ ဒီပညာရေး အသိစိတ်ဓာတ်တွေ၊ ကျန်းမာရေး အသိ စိတ်ဓာတ်တွေ ရရှိပြီးတော့ မိမိတို့ကိုယ်ကိုလည်း တန်ဖိုးထားနိုင်မယ်။ မိမိတို့သားသမီးကိုလည်း ဆုံးမသွန်သင်နိုင်မယ်။ ပတ်ဝန်းကျင်ကိုလည်း မျှဝေနိုင်မှာဖြစ်တဲ့အတွက် အခုလက်ရှိဖြစ်နေတဲ့ မွေးဖွားပြီးစ (၅)နှစ်အောက်ကလေးတွေ အသေဆုံးများတာတွေ၊ HIV ပိုးကူးစက်တဲ့ရောဂါတွေဟာ လျော့နည်းပြီးတော့ ပျောက်ကွယ်သွားနိုင်တဲ့အခြေအနေအထိ ရောက်ရှိသွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်မက ဒီအဆိုကို ထောက်ခံခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်မ ပြည်သူ့နီတိသင်ခန်းစာတွေ သင်တာကိုလည်း ထောက်ခံပါတယ်။ ပြည်သူ့နီတိဆိုတာကတော့ နိုင်ငံသားကောင်းတစ်ယောက်ဖြစ်လာဖို့ ရည်ရွယ်ပြီးတော့ သင်ကြားပို့ချတဲ့ ပညာရပ်လည်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကျွန်မတို့နိုင်ငံသားတွေအတွက် လမ်းညွှန်တဲ့ ပညာလည်းဖြစ်ပါတယ်။ ဒီမိုကရေစီအစ အိမ်တွင်းနဲ့ စာသင်ကျောင်းက ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံမှာ နိုင်ငံသားတစ်ဦးပါဝင်မှုရဲ့ အဆုံးအဖြတ်က အရေးကြီးတဲ့ အတွက်ကြောင့်မို့လို့ ကျောင်းသင်ခန်းစာမှာ နိုင်ငံသားပညာရေးကို ထည့်သွင်းသင့်ပါတယ်။ ကျွန်မတို့ အင်္ဂလန်နိုင်ငံမှာဆိုရင် Citizen Education နဲ့ အမေရိကန်နိုင်ငံမှာ Civics Education တို့ကို သူတို့ရဲ့ သင်ရိုးညွှန်းတမ်းမှာ သီးခြားဘာသာရပ်အဖြစ်နဲ့ သင်ကြားပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာလည်း ၁၉၂၀ ခုနှစ် နောက်ပိုင်း အမျိုးသားကျောင်းတွေ ပေါ်ပေါက်လာပြီးတော့ ပြည်သူ့နီတိကို သင်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးတဲ့ နောက် အစိုးရကျောင်းမှာလည်း ကျွန်မတို့ ပြည်သူ့နီတိဘာသာရပ်ကို ပြဋ္ဌာန်းသင်ကြားပေးခဲ့ပါတယ်။ အဲဒီလို သင်ကြားပေးခဲ့တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း တို့လို ဦးနု တို့လို နိုင်ငံ့ခေါင်းဆောင်တွေဟာ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းက ၂၉-၄-၁၉၄၆ ကန်တော်ကလေးမြူနီစပယ်ကျောင်းမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာညီလာခံမှာ ပညာရေးဟာ နိုင်ငံရေးဖြစ်တယ်လို့ မိန့်ခွန်း ပြောခဲ့ပါတယ်။ ဒီမိုကရေစီရဲ့အောက်မှာ လူထုဆန္ဒက အရေးကြီးပါတယ်။ အစိတ်အပိုင်းလည်း ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်မတို့ဟာ နိုင်ငံသားပီသဖို့အတွက် အသိပညာဉာဏ်ရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ဟာ အဲဒီလို အသိဉာဏ်ရှိဖို့အတွက် ပြည်သူ့နီတိဘာသာရပ်ကိုလည်း ကျွန်မအနေနဲ့ ထောက်ခံကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝင်၊ လွှတ်တော်ဝန်ထမ်းများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့

ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးရှင်။ ဒီနေ့ကျွန်မဆွေးနွေးထောက်ခံမယ့် အကြောင်း ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်းရဲ့ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများတွင် သင်ရိုးညွှန်းတမ်း အထွေထွေဘာသာရပ်အခန်း၌ "မျိုးဆက်ပွားကျန်းမာရေး" "ပြည်သူ့နီတိ" "ဒီမိုကရေစီ" ဘာသာရပ်များအဖြစ် မိတ်ဆက် သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ ကျွန်မက ပြည်သူ့နီတိဘာသာရပ်ကို ထိထိရောက်ရောက် သင်ပြနိုင်ရေးအတွက် အလေးထား ထောက်ခံတင်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုတဲ့ အဓိပ္ပာယ် ပြည့်ဝတဲ့ ဆောင်ပုဒ်ကို ဆန်းစစ်ကြည့်လျှင် အမျိုးသားစည်းကမ်းကောင်းအောင် ပုံစံကျ ပညာရေး (Formal Education) ဖြစ်တဲ့ စာသင်ကျောင်းတွေကပဲ စနစ်တကျ သင်နိုင်မည်ဆိုတာကို ရည်ညွှန်းနေပါတယ်ရှင်။ ကျောင်းသူ၊ ကျောင်းသားတစ်ဦးက ဉာဏ်ပိုင်းဆိုင်ရာ ဘာသာရပ်တွင် ကျွမ်းကျင်မှုတွေ၊ ပြဿနာဖြေရှင်းနည်းတွေ၊ ဆက်စပ်တွေးခေါ်မှုတွေ၊ ဖွံ့ဖြိုးဖို့လိုသလို စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုလက္ခဏာတွေဖြစ်တဲ့ ကိုယ်၊ နှုတ်၊ အမူအရာ၊ ထိန်းသိမ်းနိုင်စွမ်းရှိတာ မတူကွဲပြားမှုတွေကို လက်ခံနိုင်တာ၊ ခွဲခြားဆက်ဆံမှုကို မနှစ်မြို့တာ၊ ကိုယ်ရည်ကိုယ်သွေးတိုးတက်အောင်လုပ်တာ၊ ကိုယ့်ကိုကိုယ်အားကိုးတာ၊ ကိုယ်တိုင်ဆုံးဖြတ်ချက်ချနိုင်တာ၊ တစ်ဦးချင်းတာဝန်ယူနိုင်တာ၊ အများစုပေါင်းလုပ်ကိုင်နိုင်တာ၊ ကိုယ့်ကိုကိုယ် ကျန်းမာအောင်နေတတ်တာ၊ တခြားသူရဲ့ ယဉ်ကျေးမှုလက္ခဏာတွေကို တန်ဖိုးထား အတုခိုးတတ်တာ၊ လူ့ကျင့်ဝတ်နဲ့ စာရိတ္တဆိုင်ရာ အစဉ်အလာတွေကို ထိန်းသိမ်းတာ စတဲ့ စိတ်ပိုင်းဆိုင်ရာအရည်အသွေးတွေ ဖွံ့ဖြိုးဖို့ အရမ်းလိုအပ်ပါတယ်ရှင်။ အဲဒီလို အရည်အသွေးတွေ ဖွံ့ဖြိုးဖို့အတွက် ပြည်သူ့နီတိဘာသာရပ်ကို အသက်ဝင်လာအောင် ထိထိရောက်ရောက်သင်ကြားဖို့ အလွန်သင့်လျော်တဲ့ ဘာသာရပ်ဖြစ်တယ်ဆိုတာကို ကျွန်မ အကြံပြု ထောက်ခံလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ ပြည်သူ့နီတိဘာသာရပ်ကို သင်ကြားပေးတဲ့အခါ ဆရာမကြီး အဆိုတင်သွင်းခဲ့သလို ထိထိရောက်ရောက် ရင်ထဲမှာစွဲမြဲနေဖို့ လိုပါတယ်။ အဲဒီလို ထိရောက်ဖို့ဆိုရင် ပညာသင်ယူမှု ဖြစ်စဉ်သုံးရပ်ကို ဆက်စပ်မိအောင်လုပ်ဆောင်ရပါမယ်ရှင်။ ပထမအဆင့် သိသင့်တဲ့ကျင့်ဝတ်တွေကို စတင်ဝေမျှစေခြင်း (Knowledge Sharing) လုပ်ရပါမယ်။ ဒုတိယအဆင့် အဲဒီ ကျင့်ဝတ်တွေအတိုင်း နေ့စဉ်ဘဝများ အကျွမ်းတဝင်ရှိစေခြင်း Skills ဖြစ်ရပါမယ်။ တတိယအဆင့် အကျင့်ကောင်းတွေ အကျွမ်းတဝင်ဖြစ်လာပြီး ရင်ထဲအသည်းထဲမှာ အစဉ်စွဲမြဲသွားခြင်း Attitude ဆိုတဲ့ အဆင့်များကို ဆရာ၊ ဆရာမများက လေးလေးနက်နက် အထူးဂရုစိုက် ပြင်ဆင်သင်ကြားပေးဖို့လိုပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ အနာဂတ်မျိုးဆက်သစ်လူငယ်များဟာ ပညာပြည့်ဝနှလုံးလှလို့ တင်စားခေါ်ဝေါ်ရမယ့် စာတော်တဲ့ လိမ္မာယဉ်ကျေးတဲ့ မိဘ၊ ဘိုးဘွား၊ ဆရာသမားများ၊

သက်ကြီးရွယ်အို ကိုယ့်ထက်ကြီးသူတွေကို ရိုသေကိုင်းရှိုင်းတတ်တဲ့၊ စည်းကမ်းလိုက်နာတဲ့၊ နိုင်ငံသား တွေပေါ်ထွန်းလာမှာ ဖြစ်ပါတယ်ရှင်။ အဲဒါကြောင့် ပညာရေးမှာ ကာယဗလ၊ စိတ္တဗလ၊ စာရိတ္တဗလ၊ ဉာဏဗလ၊ မိတ္တဗလဆိုတဲ့ ဗလငါးတန် ဖွံ့ဖြိုးဖို့အတွက် ပြည်သူ့နီတိဘာသာရပ်ဟာ အထူးလိုအပ် ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ပြည်သူ့နီတိဟာ နိုင်ငံသားတစ်ယောက်ဖြစ်လာစေရန် ရည်ရွယ်၍ သင်ကြား ပို့ချပေးသော ဘာသာရပ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက်လည်း လမ်းညွှန် ပညာရပ်ဖြစ်သောကြောင့် ပြည်သူ့နီတိဘာသာရပ်ကို အခြေခံကျောင်းများတွင်သာမက ပညာရေး ကောလိပ်ကျောင်းတွေမှာလည်းပဲ အလေးထား သင်ပြပေးရန် လိုအပ်ပါကြောင်း ထောက်ခံဆွေးနွေး အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၁။**

**ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေး ဝန်ကြီးဌာနမှ ဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဒေါ်တင်တင်ဝင်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်ရှင်။ ဒေါက်တာဒေါ်တင်တင်ဝင်း ရဲ့ အဆိုမှာ သင်ကြားပေးစေလိုတဲ့အချက် သုံးခု ပါရှိတဲ့အနက်မှာ ကျွန်မ ဆွေးနွေးတင်ပြလိုတာကတော့ "မျိုးဆက်ပွားကျန်းမာရေး" ဆိုတဲ့ ခေါင်းစဉ်ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မျိုးဆက်ပွားကျန်းမာရေး လို့ကြားလိုက်တာနဲ့ တစ်ပြိုင်နက် ဒါကတော့ လိင်ပညာပေး ဘာသာရပ်လို့ ထင်မြင်ပြီးတော့ အထိတ်တလန့် စိုးရိမ်သွားကြတာကို များသောအားဖြင့် တွေ့နေ ရပါတယ်။ ဒါပေမဲ့ ကလေးသူငယ်တွေကို သိသင့်သိထိုက်တဲ့ မိမိခန္ဓာ၊ မိမိတို့ရဲ့ ခန္ဓာကိုယ် အကြောင်းနဲ့ မိမိကိုယ်ကို ဘယ်လိုထိန်းသိမ်းသင့်တယ် ဆိုတာကို အသက်အရွယ်၊ ဉာဏ်ရည်အဆင့် အတန်းအလိုက် သင်ကြားပေးရမှာ ဖြစ်တဲ့အတွက် မျိုးဆက်ပွားကျန်းမာရေးဆိုတဲ့ ခေါင်းစဉ်အစား အခြေခံကျန်းမာရေး နဲ့ လူမှုဘဝမြှင့်တင်ရေးဆိုတဲ့ ခေါင်းစဉ်လေးနဲ့ ပြောင်းလဲပေးသင့်ကြောင်းကို ဦးစွာပထမအကြံပြု အပ်ပါတယ်ရှင်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ဒေါက်တာဒေါ်တင်တင်ဝင်း ရဲ့ အဆိုမှာ ပညာရေး ကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများတွင် မိတ်ဆက်သင်ကြားပေးရန်လို့ အဆိုပြုထား ပေမယ့် အခြေခံပညာမူလတန်းအဆင့်မှ စတင်ပညာပေးဖို့ လိုအပ်နေပြီဖြစ်ပါတယ်ရှင်။ အကြောင်း ကတော့ ဒီနေ့အချိန်အခါမှာ သက်ငယ်မုဒိမ်းမှုများ တစ်နေ့တခြား များပြားနေတာကို တွေ့ရလို့ပဲ

ဖြစ်ပါတယ်။ ဒါကို ကာကွယ်နိုင်ဖို့ အခြေခံမူလတန်းအဆင့်မှာကတည်းက ကလေးလူငယ်တွေကို မိမိတို့ရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေ အထူးသဖြင့် အင်္ကျီ၊ ဘောင်းဘီ ဝတ်ဆင်ဖုံးကွယ်ထားတဲ့နေရာတွေကို အခြားသူတွေကို ပေးမကိုင်ဖို့ သင်ကြားပေးရပါမယ်။ ကစားစရာ၊ စားစရာစတဲ့ ပစ္စည်းတွေနဲ့ ချော့မော့ပြီးတော့ တစ်နေရာရာကို ခေါ်သွားခဲ့ရင် မလိုက်ဖို့၊ လက်မခံဘဲ ငြင်းပယ်ဖို့၊ စတာတွေကို ကလေးသူငယ်များရဲ့ အသက်အရွယ်၊ အတန်းနဲ့ လိုက်လျောညီထွေမယ့် ကလေးနားလည်နိုင်တဲ့စကားလုံး အသုံးအနှုန်းတွေကို သေသေချာချာ စိစစ်ဆွေးနွေးရွေးချယ်ပြီးတော့ သင်ကြားပေးသင့်ပါတယ်။ တစ်စုံတစ်ယောက်က သားတို့၊ သမီးတို့ ကိုယ်ခန္ဓာကို ပွတ်သပ်ကိုင်တွယ်တာ၊ အဝတ်အစားတွေ ချွတ်ခိုင်းတာစသဖြင့် မရိုးသားတဲ့ အကြံအစည်တွေ ပြုမူလာခဲ့လို့ရှိရင် အဲဒီလိုမလုပ်ပါနဲ့ သားမကြိုက်ဘူး၊ သမီးမကြိုက်ဘူးလို့ ငြင်းဆန် ပြောဆိုတတ်ဖို့ သင်ကြားပေးရပါမယ်။ ဘယ်သူ့မှ မပြောနဲ့ဆိုပြီးတော့ ကြောက်လန့်အောင် ခြိမ်းခြောက်တာတွေ ရှိခဲ့လျှင်လည်း လူကြီး၊ မိဘ၊ ဆရာသမားတွေကို ပြန်ပြောပြ တိုင်ကြားဖို့ သင်ကြားပေးရမှာ ဖြစ်ပါတယ်။

အလယ်တန်းအဆင့် ကျောင်းသူ၊ ကျောင်းသားများကိုလည်း အတန်းအလိုက် သိသင့် သိထိုက်တာတွေကို ပြောပြရပါမယ်။ ဆယ်ကျော်သက်အရွယ်တွေမှာ ခန္ဓာကိုယ်ကြီးထွားပြောင်းလဲမှု၊ စိတ်ခံစားပြောင်းလဲမှုတွေဟာ သဘာဝအလျောက် လူတိုင်းတွေ့ကြုံခံစားရမယ့် ပြောင်းလဲမှုတွေဖြစ်ကြောင်းကို ရှင်းလင်းသင်ကြားပေးရပါမယ်။ ဒီလို သိထားခြင်းအားဖြင့် သဘာဝအရဖြစ်ပေါ်လာတဲ့ ပြောင်းလဲမှုတွေအပေါ်မှာ ထိတ်လန့်ခြောက်ခြားတာ၊ စိတ်ညစ်တာ၊ ရှက်ကြောက်တာတွေ မဖြစ်တော့ပါဘူး။ ဒီလို ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးပြောင်းလဲစအချိန်မှာ သတိထားရှောင်ကျဉ်ရမယ့် အခြေအနေတွေကိုလည်း သင်ကြားပေးရတော့မှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မူလတန်းအဆင့်ကလေးတွေမှာ သူတစ်ပါးစော်ကားနှောင့်ယှက်မှာ တစ်ခုပဲ စိုးရိမ်ရပါတယ်။ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်တွေမှာတော့ ကလေးတွေကိုယ်တိုင်က သဘာဝအရ စိတ်ရော၊ ကိုယ်ပါ ပြောင်းလဲလာတာ၊ စူးစမ်းချင်စိတ်၊ စမ်းသပ်ချင်စိတ်တွေပါ ဖြစ်ပေါ်လာနိုင်တဲ့အရွယ်တွေမို့ပါပဲ။ တခြားသော ကျန်းမာရေး အစီအစဥ်များနဲ့အတူ လိင်အလွဲ သုံးစားလုပ်မှုကြောင့် ဖြစ်တတ်တဲ့ရောဂါတွေကိုလည်း သင်ကြားပေးရတော့မှာ ဖြစ်ပါတယ်။

သူတစ်ပါးသွေးဆောင်ဖြားယောင်းမှုတွေကို ရှောင်ရှားနိုင်ဖို့ သင်ကြားပေးရပါတော့မယ်။ တကယ်တော့ ရိုးရိုးသားသား ထိတာ၊ ကိုင်တာနဲ့ မရိုးမသားထိတာ၊ ကိုင်တာတွေဟာ ကွာခြားပါတယ်။ မရိုးမသားထိတာ၊ ကိုင်တာတွေဟာ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်၊ အနိုင်ကျင့်၊ အကြမ်းဖက်တာပဲ ဖြစ်ပါတယ်။ ကိုယ့်ကလေးတွေကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်တာတွေကနေ ကာကွယ်နိုင်ဖို့ မိဘတွေ ကိုယ်တိုင်က ဒါကို နားလည်ထားရပါမယ်။ ကိုယ့်ရဲ့ခန္ဓာကိုယ်ကို ကိုယ်သာပိုင်ဆိုင်တယ်၊ မလိုလားအပ်တဲ့ ထိတွေ့မှုတွေ၊ အပြုမူတွေကို ငြင်းဆန်ဖို့အခွင့်အရေးရှိတယ်။ လူကြီး၊ မိဘ၊ ဆရာသမားတွေ ကို တိုင်ကြားနိုင်တယ်ဆိုတာ အသိပေးထားရင် ကလေးတွေဟာ သူများပြုလုပ်သမျှ ခေါင်းငုံခံရမယ့် အားနွဲ့သူတွေ မဟုတ်ဘူးဆိုတာ သင်ယူသိရှိသွားမှာပါ။ မတရားပြုကျင့်ခံရမှုတွေကလည်း ရှောင်ရှားနိုင်ရမှာ ဖြစ်ပါတယ်။ လူကြီးမိဘတွေကလည်း ကလေးတွေက အဲဒီလို လာရောက်တိုင်ကြားခဲ့ရင် အလေးအနက်ထားပြီးတော့ နားထောင်ပေးရပါမယ်။ ကလေးအနေနဲ့ ဒီလိုမနှစ်သက်တဲ့ အပြုအမူတွေ

တွေ့ကြုံခဲ့ရတာတွေ၊ မိဘတွေကို ဖွင့်ပြောပြခြင်းက မှန်တယ်လို့ ကလေးကို အားပေးစကား ပြောရပါမယ်။

အပြစ်တင်တာ၊ ဆူပူကြိမ်းမောင်းတာတွေမျိုး မလုပ်ရပါဘူး။ ကိုယ့်ကလေးကို နောက်တစ်ခါ ဒီလို မဖြစ်အောင် ကာကွယ်ပေးမယ်လို့ ပြောကြားပြီးတော့ ကာကွယ်ပေးရမှာ ဖြစ်ပါတယ်။ အထက်တန်းအဆင့်နဲ့ တက္ကသိုလ်ကောလိပ်အဆင့် ကျောင်းသူ၊ ကျောင်းသားများကိုတော့ မိမိတို့မှာ ရှိတဲ့ မျိုးပွားအင်္ဂါများအကြောင်း သင်ကြားပေးရပါတော့မယ်။ မလိုလားအပ်တဲ့ ကိုယ်ဝန်ဆောင်ရခြင်းကြောင့် ဖြစ်တတ်တဲ့ အခြေအနေတွေ၊ ဥပမာ ကိုယ်ဝန်ဖျက်ချခြင်းကြောင့် အသက်အန္တရာယ် ရှိနိုင်တာတွေ၊ အခြားဆိုးကျိုးတွေနဲ့ မိမိကိုယ်ကို ကာကွယ်ထိန်းသိမ်းသင့်တဲ့ အကြောင်းအရာတွေကို တခြားတခြားသော ကျန်းမာရေးပညာပေး အစီအစဉ်တွေနဲ့အတူတူ ထည့်သွင်းသင်ကြားပေးရတော့မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျန်းမာသန်စွမ်းပြီးတော့ ဝေဖန်ပိုင်းခြားစဉ်းစားနိုင်တဲ့ အသိဉာဏ်ပညာနဲ့ပြည့်စုံတဲ့ တိုင်းပြည်အနာဂတ်လူငယ်များကို မွေးထုတ်ပေးနိုင်မယ့် အမျိုးသားပညာရေး၊ မဟာဗျူဟာစီမံကိန်းအောင်မြင်ရန်အတွက် ပြည်သူ့နီတိ၊ ဒီမိုကရေစီတို့နဲ့အတူ အခြေခံကျန်းမာရေးနဲ့ လူမှုဘဝမြှင့်တင်ရေးဆိုတဲ့ ဘာသာရပ်ကလေးကို ထည့်သွင်းသင်ကြား ပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးလိုက်ရပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၈။**

**ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါဆိုပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်တဲ့ ဒေါက်တာဒေါ်တင်တင်ဝင်း တင်သွင်းတဲ့ အဆိုမှာပါတဲ့ ကျွန်တော်တို့ ဘာသာရပ်သုံးခုကို ပညာရေးစနစ်မှာ ထည့်သွင်းသင်ကြား ပေးစေလိုတဲ့အကြောင်းမှာ ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးတဲ့နေရာမှာ အင်္ဂလိပ်စကားလုံးအနည်းငယ်ကို သုံးစွဲခွင့်ပြုဖို့အတွက် ကြိုတင်မေတ္တာရပ်ခံချင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ ဥပဒေတစ်ခု ဒါမှမဟုတ် မူဝါဒတစ်ခုကို ချမယ်ဆိုရင် လက်ရှိမြေပြင်အခြေအနေမှာ ဘာတွေ တကယ်ဖြစ်နေလဲ၊ အဲဒီအပေါ်မှာ အကျိုးသက်ရောက်မှု ဘာတွေရှိမလဲဆိုတာ ကျွန်တော်တို့က ကြည့်ရပါတယ်။ အခုကျွန်တော်တို့ ဆွေးနွေးမယ့်အဆိုဟာလည်း လက်ရှိမြေပြင်အနေအထားမှာ ဘယ်လိုမျိုးတွေဖြစ်နေလဲ၊ ဘယ်လိုမျိုးအခြေအနေတွေ ဖြစ်နေလဲဆိုတဲ့ဟာကို

ကျွန်တော်တို့က အရှိကို အရှိတိုင်း အမှန်ကို အမှန်တိုင်း သိဖို့အတွက် လိုအပ်ပါတယ်။ အခု ကျွန်တော်တို့နိုင်ငံမှာ ရှေ့ကလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အများကြီး ပြောသွားပြီး ပါပြီ။ သက်ငယ်မုဒိမ်းမှုတွေလည်း အများကြီးပေါ်နေပါတယ်။ အဲဒီတော့ သက်ငယ်မုဒိမ်းတွေ ဖြစ်လာ ရတဲ့ အကြောင်းအရင်းက ဘယ်လိုမျိုးကြောင့် ဖြစ်လာတာလဲ။ ဘယ်လိုကိစ္စတွေက စလဲ။ ကျွန်တော်တို့ ဒါ လေ့လာကြည့်လို့ရပါတယ်။

ဒီအချက်သုံးချက်လုံးနဲ့ ဒီအဆိုမှာပါတဲ့ ဘာသာရပ်သုံးခုစလုံးနဲ့ သက်ငယ်မုဒိမ်းမှုကို ကျွန်တော် ဆက်စပ်ပြီးပြရမယ့် ဥပမာတစ်ခုဆိုရင် သက်ငယ်မုဒိမ်းကျူးလွန်တယ် ဆိုတာဟာ ပထမ အချက် ကျွန်တော်တို့က လူမှုရေးဖောက်ဖျက်မှု။ ဒါဟာ ကျွန်တော်တို့ ဘာသာရပ်နဲ့ဆက်စပ်မယ်ဆိုရင် ပြည်သူ့နီတိဘာသာရပ်ကို မသင်ကြားခဲ့ရလို့၊ ကောင်းစွာနားမလည်လို့ ကျွန်တော်တို့ ဒီအလုပ်ကိုလုပ် တာ။ အဲဒီဟာဆိုရင် ကျွန်တော်တို့က သက်ငယ်မုဒိမ်းကျူးလွန်ခံရတဲ့၊ အကျူးလွန်ခံရတဲ့ ကလေးငယ် တွေ ကိုယ်တိုင်က မိဘတွေကိုပြန်မပြောတဲ့ ကိစ္စတွေ၊ အဲဒါတွေကျတော့ ကျွန်တော်တို့က ဘာလဲဆို တော့ အစပြောခဲ့သလို Reproductive Health လို့ခေါ်တဲ့ ကျွန်တော်တို့က မျိုးဆက်ပွားပညာပေး လုပ်ငန်းတွေ၊ ကျွန်တော်တို့ Sex Education ဆိုတဲ့ဟာတွေ၊ မသိခဲ့လို့ ပြန်မပြောဖြစ်ခဲ့လို့ ကျူးလွန်ခဲ့ တဲ့ကိစ္စတွေ၊ ပြီးတော့ ဒီမိုကရေစီဆိုတဲ့ဟာကို ကောင်းစွာနားမလည်တဲ့အတွက် ကျွန်တော်တို့က မိမိရဲ့ အာသာဖြေဖျောက်မှုအတွက် တစ်ပါးသူကို အသုံးချတဲ့ဟာက ဒီမိုကရေစီစံချိန် စံညွှန်းနဲ့လည်း မညီ ပါဘူး။ ဒါ ကျွန်တော် ဥပမာတစ်ခုတည်းနဲ့ ကျွန်တော် ဘာသာရပ်သုံးခုလုံးနဲ့ ညီတယ်ဆိုတဲ့အကြောင်း ကျွန်တော် ဥပမာပြရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့နိုင်ငံမှာ အဓိက အတွေးအခေါ် ပြောင်းလဲဖို့လိုပါတယ်။ ပြောင်းလဲမှုလိုတဲ့နေရာမှာ မိမိရဲ့ကိုယ်ပိုင် အတွေးအခေါ် ပြောင်းလဲဖို့လည်းလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခြေအနေမှန်အရ လက်ရှိမြေပြင်အခြေအနေအရ မုဒိမ်းမှုကျူးလွန်သူနဲ့ မုဒိမ်းမှုကျူးလွန်ခံရသူတို့ဟာ ကျွန်တော်တို့ အများပြည်သူမြင်တဲ့အခါမှာ အကျူးလွန်ခံရတဲ့မိန်းကလေးဟာ ဘဝတစ်သက်တာမှာ ရှက်စရာလို့ မြင်ကြပါတယ်။ ကျူးလွန်လိုက် တဲ့သူကတော့ ထောင်ထဲရောက်သွားပြီးတော့ နာမည်တောင်မသိဘူး။ သူ့ဘဝဇာတ်ကြောင်းလည်း မသိ ဘူး။ မသိလိုက်ဘူး။ သူ့အတွက်က အကျူးလွန်ခံထိပြီးတော့ ကိုယ်ဝန်ရခဲ့တဲ့ ဒီအကျူးလွန်ခံရတဲ့ ကာယကံရှင်တွေမှာ ကျွန်တော်တို့ ဘဝမှာထပ်ပြီးတော့ နေထိုင်ဖို့အတွက် အင်အားမရှိတဲ့ အခြေအနေကို ရောက်ပါတယ်။ ဒါကလည်း လူ့ပတ်ဝန်းကျင်က အဲဒီလိုကို မြင်နေကြပါတယ်။ ကျွန်တော်တို့ရဲ့ အတွေးအခေါ်ကိုယ်တိုင်က အကျူးလွန်ခံရသူက သူက ကိုယ်တိုင်ဆန္ဒမပါဘဲနဲ့ အတင်းအဓမ္မကျူးလွန် ခံရတာဖြစ်တဲ့အတွက် သူ့ကို ကျွန်တော်တို့ ဖေးမဖို့ လိုပါတယ်။

ပတ်ဝန်းကျင်က သူ့ကိုပြန်လည်ပြီးတော့ မွေးဖွားဖို့၊ သူ့ကို ပြန်လည်ပြီးတော့ ရှင်သန်ဖို့ အတွက် လူ့ပတ်ဝန်းကျင်က ကျွန်တော်တို့ကပြန်လည်ပြီးတော့ အားမွေးဖို့အတွက် ပြုစုပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ အတွေးအခေါ်တွေ တစ်ချက်ပဲ ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ရိုးသားတဲ့ ဒီတောင်သူလယ်သမားတွေ အများကြီးရှိတဲ့အတွက် ကျွန်တော်တို့ ဥပမာလေးတစ်ခု ပြောချင်ပါတယ်။ တစ်ခါက ကျွန်တော်တို့ ရွာတစ်ရွာ ဒီမျိုးဆက်ပွား ကျန်းမာရေးနဲ့

ပတ်သက်ပြီးတော့ နယ်ကို ဆင်းပါတယ်။ ဆင်းပြီးတော့ သားဆက်ခြားနည်းနဲ့ ပတ်သက်ပြီးတော့ ကွန်ဒုံးသုံးတဲ့ကိစ္စကို ကျွန်တော်တို့ ဥပမာပေးပါတယ်။ အဲဒီတော့ ကွန်ဒုံးဆိုတဲ့ နာမည်ကြားလိုက်တာနဲ့ ကျွန်တော်တို့က ရှက်ကြပါတယ်။ အဲဒီတော့ ရှက်တော့ သူကြီးကလည်း ခေါ်တယ်ဆိုတော့ နားမထောင်ချင်ပေမယ့် နားထောင်ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လာပြီးတော့ သင်ကြားပေးတဲ့ ဆရာလေးကလည်း ကွန်ဒုံး ဘယ်လိုသုံးရမလဲ ဆိုတဲ့ဟာကို ပြချင်တဲ့အတွက် သူ့မှာလည်း ပြဖို့ပစ္စည်းကိရိယာစုံမပါလာလို့ ဖြစ်ပါလိမ့်မယ်။ အဲဒီတော့ နီးစပ်ရာ ခြံစည်းရိုးတိုင်မှာ အဲဒီကွန်ဒုံးကို စွတ်ပြပြီးတော့ မျိုးဆက်ပွားကျန်းမာရေးကို သားဆက်ခြားချင်ရင် ဒီလိုကွန်ဒုံးသုံးရတယ်။ ဒီလိုပုံစံသုံးရတယ် ပြောပါတယ်။ နောက်နှစ်နှစ်နေလို့ ပြန်လာတဲ့အချိန်ကြတော့ ဆရာရယ် ဆရာပြောတဲ့နည်းကိုသုံးတာပဲ ကျွန်တော်တို့မှာလည်း ဒီကလေးတွေဟာ မခြားဘဲနဲ့ ပွားပဲပွားလာတယ်တဲ့။ ကျွန်တော်ပြောတဲ့ ဒီအတိုင်းမသုံးဘူးလားလို့ သုံးပါတယ်ဆရာရယ်၊ အဲဒါ ကျွန်တော်ကို လိုက်ပြဆိုတော့ ခြံစည်းရိုးထိပ်မှာ ကွန်ဒုံးတွေကို အများကြီးစွပ်ထားတာ တွေ့ရပါတယ်။ အဲဒါ ဘာလဲဆိုတော့ ကျွန်တော်တို့က သေသေချာချာ နားမထောင်ဘူး။ သေသေချာချာ မလေ့လာဘူး။ သေသေချာချာ မသင်ကြားခဲ့လို့ ဒီလိုမျိုးအဖြစ်မျိုးကို တွေ့ရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဒီမှာ Sex Education နဲ့ Reproductive Health တို့ကို သင်ကြားပေးဖို့အတွက် အတန်းပညာအလိုက် သင်ကြားပေးဖို့ လိုအပ်နေပါပြီ။

နောက်တစ်ခုက ဒီမိုကရေစီရေးအပိုင်းပါ။ ဒီမိုကရေစီဘာသာရပ်ကို ကျွန်တော်တို့က အခြေခံပညာ မူလတန်းအဆင့်ကတည်းကသိရှိဖို့လိုအပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံဟာ ပွင့်ပွင့်လင်းလင်းပြောမယ်ဆို လက်ရှိအခြေအနေအထိ ကျွန်တော်တို့နိုင်ငံသည် ဒီမိုကရေစီ အပြည့်အဝ မရရှိသေးတဲ့ကာလ ဖြစ်ပါတယ်။ သီအိုရီအရ အသွင်ကူးပြောင်းမှုကာလကို သွားနေခြင်း ဖြစ်တဲ့အတွက် ဒီမိုကရေစီကို အသွင်ကူးပြောင်းတဲ့နေရာမှာ အထောက်အကူဖြစ်ဖို့အတွက် စာသင်ကျောင်းတွေကနေတစ်ဆင့် ဒီမိုကရေစီဆိုတာဘာလဲ။ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုတာဘာလဲ။ မိမိရဲ့ အခွင့်အရေးဆိုတာဘာလဲ။ တစ်ပါးသူရဲ့ အခွင့်အရေးဆိုတာဘာလဲ။ မတူညီမှုမှုတွေ၊ မတူကွဲပြားမှုတွေ ဘယ်လိုမျိုးလက်ခံအောင် လုပ်မလဲဆိုတဲ့ဟာတွေ ကျွန်တော်တို့သိဖို့အတွက် ငယ်စဉ်ကတည်းက စာသင်ကျောင်းတွေကတည်းက သိဖို့လိုအပ်ပါတယ်။ မဟုတ်ဘူးဆိုရင်တော့ ကျွန်တော်တို့ ယောင်ဝါးဝါး ဒီမိုကရေစီသာ ဖြစ်နေပါလိမ့်မယ်။ အများညီလို့ ဤကို ကျွဲဖတ်တဲ့ဘဝက ကျွန်တော်တို့တက်မှာ မဟုတ်ပါဘူး။ အဲဒီတော့ ဒီမိုကရေစီရဲ့ အနှစ်သာရကို သိဖို့အတွက် ကျွန်တော်တို့က စာသင်ခန်းတွေရော၊ ပြင်ပမှာရှိနေတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကနေ သိတဲ့၊ တတ်တဲ့ အဖွဲ့အစည်းတွေကနေပြီးတော့ သင်ကြားပေးဖို့ လိုပါလိမ့်မယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ နေရာတိုင်းမှာ ကောင်းကျိုးရှိသလို၊ ဆိုးကျိုးလည်း ရှိပါတယ်။

ဥပမာအားဖြင့် ကျွန်တော်တို့ ငယ်ငယ်တုန်းက ပြည်သူ့နီတိမှာပါတဲ့ ကြီးသူကိုရိုသေ၊ ငယ်သူကို လေးစားဆိုတဲ့အတိုင်း ကျောင်းကိုလာရင် ဆရာ၊ ဆရာမတွေရဲ့ ခြင်းတောင်းကို သွားဆွဲပေးပါတယ်။ အဲဒီတော့ ဘာဖြစ်လာလဲဆိုတော့ ဆရာမတွေခြင်းတောင်းဆွဲလာတဲ့အတွက် အခွင့်အရေး ရလာတယ်။ ဒီအခွင့်အရေးက ကြီးတဲ့အထိ ကျွန်တော်တို့က ဒီအကျင့်ကပါလာတော့ လူကြီးတွေ့ရင် အိတ်ဆွဲတဲ့ အကျင့်က ပါလာပါတယ်။ အိတ်ဆွဲပြီးတော့ နေရာရမယ် ဆိုပြီးထင်တော့ တစ်ချိန်လုံး

အဲဒီဟာကို ဒီမိုကရေစီအိတ်ဆွဲ လို့ ခေါ်ပါတယ်။ ဒီလိုမျိုးမဖြစ်အောင်လည်း ကျွန်တော်တို့က သေသေချာချာ ဂရုပြုပြီးတော့ အားနည်းချက်တွေကို ကျွန်တော်တို့ ပြန်လည်ဆန်းစစ်ပြီးတော့ သင့်ရိုး ညွှန်းတမ်းက ထည့်ဖို့အတွက် အရမ်းအရေးကြီးပါတယ်။ ကျွန်တော့်အနေနဲ့ အကြံပြုရင်းနိဂုံးချုပ် အပ်ပါတယ်။ အားလုံး ယောင်ဝါးဝါး ဒီမိုကရေစီဘဝက ကင်းဝေးကြပါစေ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း တို့ကို (၁၂)ရက်မြောက်နေ့ အစည်းအဝေးမှာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက် (တနင်္လာနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]